# ကြေးမုံ

*The* **Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 July 2017 (၈၉၉၇)


## အသစ်ရောက်ရှိလာသည့် ကစ္ဆပနဒီ-၂ အမြန်ရေယာဉ်ဖြင့် ရေကြောင်းပို့ဆောင်ရေးခရီးစဉ် တိုးချဲ့ပြေးဆွဲမည်

**နေပြည်တော် ဇူလိုင် ၂၅**

ဂျပန်နိုင်ငံမှ ဒုတိယမြောက် လှူဒါန်းသည့် ကစ္ဆပနဒီ-၂ အမည်ရှိ ခရီးသည်တင် အမြန်ရေယာဉ်သည် ကျောက်ဖြူမြို့သို့ ယနေ့ည ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လေကြောင်းနှင့်ရေကြောင်းကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီအထောက်အပံ့အဖြစ် ကမ်းရိုးတန်းနှင့် မြစ်တွင်းသွား ခရီးသည်တင်ရေယာဉ်သုံးစင်း လှူဒါန်းသွားမည့် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ ဂျပန်နိုင်ငံမှ The Economic and Social Development Programme အစီအစဉ်ဖြင့် ဂျပန်ယန်းသန်း ၅၀၀ တန်ဖိုးရှိ အသုံးပြုဆဲ ရေယာဉ်နှစ်စင်းနှင့် ဂျပန်ယန်းသန်း ၁၀၀၀ တန်ဖိုးရှိ ရေယာဉ်သစ် တစ်စင်း စုစုပေါင်း

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳**



ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

## ကုလအထူးအစီရင်ခံစာတင်သွင်းသူ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်းအဆိုကို ပြည်သူ့လွှတ်တော်က တညီတညွတ်တည်း အတည်ပြု

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

## တရားမျှတသည့်ဥပဒေများ ပြဋ္ဌာန်းပေးရန် ပြည်သူ့အရေးနှင့် ဒီမိုကရေစီအရေးကို မျက်နှာမူရန်လိုအပ်



အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၂၅**

ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြန်လည်ကြားနာရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ဆက်သွယ်ရေးဥပဒေ၏ အပိုဒ် ၃၊ ပုဒ်မ ၆၆(ဃ)တွင် တရားစွဲဆိုနိုင်သည့် အကြောင်းအချက် ၄ ခုရှိပါကြောင်း၊ ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ဖြစ်ပါကြောင်း၊ ယင်းအချက်များမှာ ရာဇသတ်ကြီးပုဒ်မများ အသီးသီးရှိပြီးဖြစ်ပါကြောင်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**




# ပင်လယ်ကွေ့ဒေသ၏ အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီးအား ယနေ့ညနေ ၄ နာရီတွင် လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပင်လယ်ကွေ့ဒေသ၏ အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သံအမတ်ကြီး ဦးမြင့်ဆွေအား ဇင်ဘာဘွေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဇင်ဘာဘွေသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

**ညီညွတ်ခြင်းနှင့် ပေါင်းစည်းတည်**
**ချစ်ကြည်စည်းလုံး ဒို့အားလုံး**

# အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အမှတ်(၂) ရေဆိုးထုတ်စက်ရုံဖွင့်၊ လွှဲပြောင်းအပ်နှံ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်သည့် MBCCD ကုမ္ပဏီက အဆင့်မြှင့်တင်လှူဒါန်းသည့် အမှတ်(၂) ရေဆိုးထုတ်စက်ရုံဖွင့်ပွဲနှင့် လွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အမရပူရမြို့နယ် မန္တလေးမြို့ပတ်ကမ်းနားလမ်းအနီးရှိ ငယ်တိုးကျေးရွာထိပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ MBCCD ကုမ္ပဏီ ဥက္ကဋ္ဌ ဦးမောင်ဝိတ်တို့က အဆင့်မြှင့်တင်ခဲ့သော အမှတ် (၂) ရေဆိုးထုတ်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးမြို့တော်ဝန်တို့က အမှတ် (၂) ရေဆိုးထုတ်စက်ရုံ၏ အသစ်တပ်ဆင်လိုက်သော စက်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က "အမရပူရမြို့ပြစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ အရင်အစိုးရက စာချုပ်ချုပ်ဆိုတာဖြစ်တယ်။ အစိုးရတစ်ရပ်က အရင်အစိုးရနဲ့ စာချုပ်ချုပ်ထားတာကို ဆက်လက်အကောင်အထည်ဖော်ဖို့တာဝန်က နောက်အစိုးရရဲ့တာဝန်ဖြစ်တယ်။ လုပ်ထုံးလုပ်နည်းညီရမယ်။ ဒါကြောင့် ဒီဖွံ့ဖြိုးရေးစီမံကိန်းကို ကျွန်တော်တို့ သေချာစိစစ်ပါတယ်။ ကွင်းဆင်းကြည့်တယ်။ အဖွဲ့တွေဖွဲ့တယ်။ သဘာဝပတ်ဝန်းကျင် ဘယ်လောက်ထိခိုက်နိုင်လဲဆိုတာ အကုန်လုံး ပညာရှင်တွေနဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့ ခွင့်ပြုခြင်းဖြစ်ပါတယ်။ ဒီနေ့ ရေဆိုးထုတ်စက်ရုံဖွင့်ပွဲက စီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ လှူဒါန်းတာဖြစ်တယ်။ စက်ရုံအကြောင်းကိုလည်း မေးကြည့်ဖြစ်တယ်။ မန္တလေးမြို့ ရေကြီးရေလျှံမှုကာကွယ်ဖို့အတွက် ဒီစက်ရုံကို အဆင့်မြှင့်တင်ပြီး အကောင်အထည်ဖော်တာဖြစ်တယ်။ ယခင်ရှိတဲ့ စက်ရုံနဲ့ ရေဆိုးစွန့်ထုတ်မှုက မနိုင်ဘူး၊ ပြည်သူလူထုကလည်း ရေလျှံရင် အစိုးရကို အပြစ်တင်ကြတယ်။ ဒါလည်း ပြည်သူလူထုအပြစ်မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဆီကနေ အခွန်ကောက်ထားတာဖြစ်တယ်။ ဒီအခွန်ကောက်ထားတာနဲ့ မြို့ပြသန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးတွေ လုပ်ရပါတယ်။ လုပ်ရတာတွေလည်း အခက်အခဲတွေရှိတယ်။ အခုလှူဒါန်းတာလည်း ပြည်သူလူထုအကျိုးအတွက်ဖြစ်လို့ ကျေးဇူးလည်းတင်ပါတယ်" ဟု ပြောသည်။



ဆက်လက်၍ MBCCD ဥက္ကဋ္ဌကလည်း "လက်ရှိအခြေအနေကိုကြည့်ပြီး ဖြစ်နိုင်ခြေရှိတဲ့ အကောင်းဆုံးအခြေအနေရောက်အောင် ကြိုးစားဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခင်စက်အဟောင်းက စွန့်ထုတ်နိုင်တဲ့ ရေထုတ်စွမ်းအားထက် တစ်နာရီ ဂါလန်တစ်သန်း ပိုမိုစွန့်ထုတ်နိုင်အောင် အဆင့်မြှင့်တင်ခဲ့ပါတယ်။ အချင်းသုံးပေရှိတဲ့ သံပိုက်ကြီးတွေ၊ ရေစုကန်တွေတိုးချဲ့ခြင်း၊ ဂျပန်နိုင်ငံထုတ် ရေပိုက်ကြီးများ၊ မော်တာများတပ်ဆင်ခြင်း၊ လျှပ်စစ်မီးမနိုင်လို့ မီးကြိုးအသစ်တွေ သွယ်တန်းပေးခြင်း၊ ထရန်စဖော်မာအသစ်တစ်လုံး တပ်ဆင်ခြင်းတို့ကို ကျပ်သိန်း ၅၀၀၀ ကျော် အကုန်ကျခံပြီး လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ထိစပ်လျက်ရှိတဲ့ ဧရာဝတီမြစ်ရဲ့ အခြေအနေများ၊ တိုင်းတာတွက်ချက်ခြင်းလုပ်ငန်းများကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနဲ့ ဒေါ်လာ နှစ်သန်းကျော်အကုန်ကျခံပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းကို အထူးအလေးထားဦးတည်ဆောင်ရွက်ခဲ့တာက နိုင်ငံတော်နဲ့ဒေသကို အကောင်းဆုံး၊ အများဆုံး၊ အမြန်ဆုံး အကျိုးပြုစေရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးတို့အတွက် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ အမှတ်(၂) ရေဆိုးထုတ်စက်ရုံတွင် တိုးချဲ့တပ်ဆင်သည့် စက်နှင့် ပိုက်ပစ္စည်းများမှာ ၉၀ ကီလိုဝပ်မော်တာနှင့် ပန့် 125HP နှစ်စုံ၊ 400KVA ထရန်စဖော်မာတစ်လုံး၊ ပေ ၄၆၀၊ အချင်း ၃၆ လက်မ သံပိုက်၊ ပေ ၁၀၀၊ အချင်း ၂၄ လက်မ Check Value, Gate Value, Foot Value နှစ်စုံနှင့် ပိုက်ဆက်ပစ္စည်းများ၊ Pump House တစ်လုံး၊ ကွန်ကရစ်ရေစုကန်တစ်ကန်၊ ကွန်ကရစ်ရေထုတ်ကန်တစ်ကန်၊ ပေ ၅၀၀ အရှည် 11 KVA ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ပိုက်ဆက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများနှစ်စုံ တပ်ဆင်ပေးခဲ့ပြီး မူလရေဆိုးထုတ်စွမ်းအား တစ်နာရီ ရေဂါလန်ကိုးသိန်းမှ ယခုတစ်နာရီလျှင် ရေဂါလန်နှစ်သန်း စွန့်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စက်မှုဝန်ကြီးဌာန မြေအမည်ပေါက်ကိစ္စနှင့်ပတ်သက်၍ ရောင်းချသူ မြေရှင်နှင့် ဝယ်ယူသူတို့ကို အဂတိလိုက်စားပြီး နှောင့်ယှက်ဟန့်တား ခြိမ်းခြောက်မှုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

ဦးပြုံးချို ကရင်ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ယခင် ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယရဲမှူးကြီး ကျော်ဇေယျာ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ရဲသွေး၊ ဦးစီးအရာရှိ ဦးမျိုးခိုင်၊ မြေပိုင်ရှင်၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးကျော်နိုင်စိုးနှင့် ဦးနေမျိုးထွန်းတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားပြီး နှောင့်ယှက်ဟန့်တားခြိမ်းခြောက်မှုဖြင့် တရားစွဲအရေးယူထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နှင့် ရန်ကင်းမြို့နယ်နေ နစ်နာသူတို့က နိုင်ငံတော်မှ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည့် စက်မှုဝန်ကြီးဌာန မြေအမည်ပေါက်ကိစ္စနှင့်ပတ်သက်၍ ရောင်းချသူမြေရှင်နှင့် ဝယ်ယူသူတို့ကို အဂတိလိုက်စားပြီး နှောင့်ယှက်ဟန့်တား ခြိမ်းခြောက်မှုအပေါ် အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းကိစ္စအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပြည်ထဲရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့ပြီး လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဦးပြုံးချို ကရင်ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ရာထူးတာဝန်ကို အကြောင်းပြုကာ ကိုယ်ကျိုးစီးပွားအတွက် အဂတိလိုက်စားမှု ကျူးလွန်ခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ဒုတိယရဲမှူးကြီးကျော်ဇေယျာ (ယခင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၊ ဦးစီးအရာရှိ ဦးမျိုးခိုင် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ယခင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၊ မြေပိုင်ရှင်၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးကျော်နိုင်စိုးနှင့် ဦးနေမျိုးထွန်းတို့သည် လုပ်ပိုင်ခွင့်အာဏာရှိသူ ဦးပြုံးချိုက ရာထူးတာဝန်အား အလွဲသုံးစားပြုခြင်းဖြစ်သည်ကိုသိလျက်နှင့် လိုက်ပါကူညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/၆၃ အရလည်းကောင်း တရားစွဲအရေးယူထားကြောင်း သိရသည်။

ယင်းကိစ္စတွင် အလားတူသိလျက်နှင့် လိုက်ပါကူညီပူးပေါင်းဆောင်ရွက်ခဲ့သူ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ရဲသွေး၊ မော်လိုက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ယခင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး) သည် ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/၆၃ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ဇူလိုင် ၂၅ ရက်က တရားစွဲဆို အရေးယူဆောင်ရွက်ထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၁၀၀၀ ကျပ်တန်နှင့် ၂၅၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းနှစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် ဇူလိုင် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၀၀၀ ကျပ်တန် အစဉ်သုံး စာပို့ တံဆိပ်ခေါင်း (ပတ္တလား)ပုံနှင့် ၂၅၀၀ ကျပ်တန် အစဉ်သုံး စာပို့ တံဆိပ်ခေါင်း (မြန်မာစောင်း)ပုံ နှစ်မျိုးတို့ကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၇ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇူလိုင် ၂၇ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ရင်ဆိုင်ကျော်လွှားနိုင်ရေး ဖိလစ်ပိုင်တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ အင်အားမြှင့်တင်မည်

**မနီလာ ဇူလိုင် ၂၅**
အနာဂတ်ကာလတွင် ပြည်တွင်းပြည်ပမှ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရေးအတွက် နိုင်ငံတော်၏ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ကို အင်အားမြှင့်တင်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ပြောကြားသည်။



ဖိလစ်ပိုင်အစိုးရအဖွဲ့သည် သူလျှို လေယာဉ်နှစ်စင်းထက်မနည်းကို ဝယ်ယူရန် စီစဉ်ထားကြောင်း၊ အစွန်းရောက်သမားများနှင့် သောင်းကျန်းသူများကို ဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အသုံးပြုနိုင်စေရန် အမြင့်ပျံသန်းနိုင်သည့် မောင်းသူမဲ့ လေယာဉ် အများအပြားကိုလည်း ဝယ်ယူသွားမည်ဖြစ်ကြောင်း သမ္မတဒူတာတေးက ပြောကြားသည်။

-- မသိရှိ --

မည်ကဲ့သို့သော ရှေ့တန်းနယ်မြေတွင်မဆို တိုက်ခိုက်နိုင်စွမ်းရှိသော တပ်မတော်အဖြစ် ယုံကြည်ကိုးစားရစေရန် လက်နက်ကိုင်တပ်ဖွဲ့များကို အင်အားမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအတွင်း အိုင်အက်စ် စစ်သွေးကြွများ၏ ဘေးအန္တရာယ်နှင့် ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၏ လက်အောက်ခံ အမျိုးသားပြည်သူ့တပ်ဖွဲ့အမည်ရှိ သူပုန်အဖွဲ့တို့ အပါအဝင် သောင်းကျန်းသူများ ရှိနေကြောင်း၊ သို့ရာတွင်သောင်းကျန်းသူအင်အား မည်မျှရှိသည်ကို မိမိအတိအကျ မသိရှိကြောင်း သမ္မတဒူတာတေးက ပြောကြားသည်။

မိမိတို့နိုင်ငံ၏ တပ်မတော်ကို အင်အားမြှင့်တင်နိုင်ရေးအတွက် စစ်သည်အသစ် ၄၀၀၀၀ အထိ တိုးမြှင့်သွားရန် လိုအပ်ကြောင်း သမ္မတဒူတာတေးက ပြောကြားသည်။

မာရာဝီမြို့၌ လက်ရှိဖြစ်ပွားနေဆဲ စစ်ပွဲအတွင်း စစ်သည် ၁၀၀ ကျော်ကျဆုံးခဲ့ရပြီး သူပုန်များ၏တိုက်ခိုက်မှုများ ရှိလာခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ရန် လိုအပ်ကြောင်း သမ္မတဒူတာတေးက ပြောကြားသည်။ သမ္မတဒူတာတေးသည် စစ်မက်ဖြစ်ပွားနေသော မာရာဝီမြို့သို့ ဇူလိုင် ၂၀ ရက်တွင် လျှပ်တစ်ပြက်သွားရောက်ခဲ့သည်။ **(ဓါတ်ပုံ)** မာရာဝီမြို့၌ အိုင်အက်စ်အဖွဲ့ကို လိုလားသော စစ်သွေးကြွများက အစိုးရတပ်ဖွဲ့ဝင်များကိုအပြင်းအထန် ခုခံတိုက်ခိုက်နေဆဲဖြစ်သည်။ **ဆင်ဟွာ။**

## ရုရှားတပ်ဖွဲ့ ရုပ်သိမ်းရေး မော်လ်ဒိုဗာ အမတ်များ တောင်းဆို

**ချီဆင်နော ဇူလိုင် ၂၅**
ထရန်စဒီနက် စထရီးယားဒေသမှ ရုရှားတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းပေးရန် မော်လ်ဒိုဗာ အမတ်များက တောင်းဆိုလိုက်ကြကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မော်လ်ဒိုဗာလွှတ်တော်၌ အမတ် ၁၀၁ ဦးရှိသည့်အနက် ၆၁ ဦးက ထရန်စဒီနက် စထရီးယားဒေသမှ ရုရှားတပ်ဖွဲ့များ၊ လက်နက်များနှင့် စစ်သုံးကိရိယာများအားလုံး ရုပ်သိမ်းပေးရန် တောင်းဆိုသည့် ကြေညာချက်တစ်ရပ်ကို ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါဒေသသည် ၁၉၉၀ ပြည့်နှစ်တွင် ဆိုဗီယက်ပြည်ထောင်စု၏ အဖွဲ့ဝင်အဖြစ်မှ ခွဲထွက်ခဲ့သည့်ဒေသဖြစ်ပြီး ယနေ့ကာလတွင် ရုရှားလိုလားသော ခွဲထွက်ရေးဒေသတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ထရန်စဒီနက် စထရီးယားဒေသသည် ကုန်းတွင်းပိတ်နယ်မြေတစ်ခုဖြစ်ပြီး ယူကရိန်းနယ်စပ်နှင့် ဒီနီစတာမြစ်အကြားတွင် တည်ရှိကာ ခွဲထွက်ရေးဝါဒီများက တစ်ဖက်သတ်လွတ်လပ်ရေး ကြေညာထားသည်။ ယင်းဒေသကို ကုလသမဂ္ဂကမော်လ်ဒိုဗာနိုင်ငံ၏ နယ်မြေအဖြစ် အသိအမှတ်ပြုထားသည်။ **ရိုက်တာ။**

# ယန်စီမြစ် စီးပွားရေးရပ်ဝန်းဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်ထုတ်ပြန်

**ပေကျင်း ဇူလိုင် ၂၅**
တရုတ်အစိုးရအဖွဲ့သည် ယန်စီမြစ် စီးပွားရေးရပ်ဝန်းဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ ယင်းမှာ နိုင်ငံ၏ အရှည်လျားဆုံးမြစ်ကို ညစ်ညမ်းမှုဘေးမှ ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်နှင့် ရေအရင်းအမြစ်များဝန်ကြီးဌာနတို့က ပူးတွဲအကောင်အထည်ဖော်မည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျောက်ယင်မင်းက ပြောကြားသည်။

ယန်စီမြစ်၏ စီးပွားရေးရပ်ဝန်းအတွင်း တည်ရှိသော ရေအရင်းအမြစ်များအား သုံးစွဲမှုကို ကန့်သတ်မည်ဖြစ်ကြောင်း၊ အဓိကကျသည့် နယ်မြေဧရိယာများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုကို အလေးပေးဆောင်ရွက်နိုင်ရန် ဂေဟစနစ်ဆိုင်ရာ ဘေးအန္တရာယ်ကျရောက်နိုင်သော အဆင့် (အနီရောင်အဆင့်) သတ်မှတ်ထားကြောင်း ကျောက်က ပြောကြားသည်။

ဂေဟစနစ်ဆိုင်ရာ ဘေးအန္တရာယ် ကျရောက်နိုင်သောအခြေအနေရှိ နယ်မြေဒေသများကို မလုပ်မနေရကာကွယ်စောင့်ရှောက်ရန် တရုတ်အစိုးရအဖွဲ့က ယခုနှစ်အစောပိုင်းတွင် လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီး ယင်းလမ်းညွှန်ချက်များနှင့်အညီ ယန်စီမြစ်၏ စီးပွားရေးရပ်ဝန်းဒေသ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်သွားမည်ဆို၏။

ယန်စီမြစ်၏ စီးပွားရေးရပ်ဝန်းအတွင်း ညစ်ညမ်းမှု ထိန်းချုပ်နိုင်စေရေးအတွက် ရေအရည်အသွေး စီမံခန့်ခွဲရေးစနစ်တစ်ရပ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သောက်သုံးရေအရင်းအမြစ်များ ညစ်ညမ်းမှုမရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျောက်က ပြောကြားသည်။



ယန်စီမြစ် စီးပွားရေးရပ်ဝန်းသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်မှသည် ရှန်ဟိုင်းမြို့အထိ တစ်နံတစ်လျားသွယ်တန်းလျက်ရှိပြီး ယင်းရပ်ဝန်းသည် စတုရန်းကီလိုမီတာ ၂ဒသမ ၀၅ သန်းဧရိယာရှိကာ ပြည်နယ်ကိုးခုနှင့် စည်ပင်သာယာရေးနယ်မြေနှစ်ခု အကျုံးဝင်ပါရှိသည်။

ယန်စီမြစ်စီးပွားရေးရပ်ဝန်းကို အမျိုးသားမဟာဗျူဟာတစ်ရပ်အဖြစ် တရုတ်အစိုးရအဖွဲ့က ၂၀၁၄ ခုနှစ်တွင် အတည်ပြုချမှတ်ပေးခဲ့သည်။ **ဆင်ဟွာ။**

## အင်ဒိုနီးရှား၌ ကူးတို့ရေယာဉ်နစ်မြုပ်

**ဂျကာတာ ဇူလိုင် ၂၅**
အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း မြောက်ကာလီမန်တန်ပြည်နယ်၏ ကမ်းလွန်ပင်လယ်ရေပြင်အတွင်း ဇူလိုင် ၂၅ ရက်က ခရီးသည် ၄၇ ဦးကို သယ်ဆောင်လာသည့် အမြန်မောင်းကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

ရေဂျယ်ကီဘာရူအမည်ရှိ အမြန်မောင်းကူးတို့ရေယာဉ်သည် ဘူအပ်ဟန်ခရိုင် တန်ဂျန်ဆီလောဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းလာစဉ် တာရာကန်မြို့ ပင်လယ်ကမ်းရိုးတန်းမှ တစ်ကီလိုမီတာအကွာတွင် နစ်မြုပ်သွားခဲ့ကြောင်း အင်ဒိုနီးရှားအမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာနမှ အရာရှိတစ်ဦးဖြစ်သူ မာဆူဒီက ပြောကြားသည်။

ယင်းအမြန်ရေယာဉ်နစ်မြုပ်မှုအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အင်ဒိုနီးရှားရေတပ်နှင့် ရေကြောင်းရဲတပ်ဖွဲ့တို့က ပူးပေါင်းလုပ်ဆောင်နေကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# ပါကစ္စတန်အရှေ့ပိုင်း လာဟိုးမြို့လယ်၌ အသေခံဗုံးခွဲမှုကြောင့် လူ ၂၆ ဦး သေဆုံး

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၅**
ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့တွင် ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ ၂၆ ဦးထက်မနည်းသေဆုံးပြီး ၄၉ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

ရဲတပ်ဖွဲ့ဝင်ကိုးဦးအပါအဝင် လူ ၂၆ ဦးတို့ ဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် အသက်ဆုံးရှုံးရကြောင်း၊ ထိခိုက်ဒဏ်ရာရသူများမှာ ဆေးဝါးကုသမှုခံယူနေရကြောင်း ပါကစ္စတန်နိုင်ငံရေး အရှေ့ပိုင်းပန်ဂျပ်ပြည်နယ်မှ ကျန်းမာရေးဝန်ကြီး ခွာဝါဂျာဆော်လဗန် ရာဖီကွစ်က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူများအနက် ၁၅ ဦးထက်မနည်းမှာ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် သေဆုံးသူဦးရေမြင့်တက်လာနိုင်ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ပန်ဂျပ်ပြည်နယ်၏ မြို့တော် လာဟိုးမြို့၏မြို့လယ်ရှိ နည်းပညာဇုန်အနီး ဟင်းသီးဟင်းရွက်ဈေးတွင် တရားမဝင်တည်ဆောက်ထားသော အဆောက်အအုံများကို ဖြိုချဖျက်ဆီးစဉ်အတွင်း လုံခြုံရေးစောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်များကို ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့အားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်ကြောင်း ရဲတပ်ဖွဲ့ ဒုတိယစုံစမ်းစစ်ဆေးရေးမှူး ဟိုင်ဒီဟာ အာရှက်ပ်က ပြောကြားသည်။ **ဆင်ဟွာ။**

# ကုလသမဂ္ဂ၏အထူးအစီရင်ခံစာ တင်သွင်းသူများ လိုက်နာရသည့်ကျင့်ဝတ်များကို ပြဋ္ဌာန်းထား ဘက်လိုက်မှုကင်းရန်၊ မျှတမှုရှိရန်နှင့်တိကျမှန်ကန်၍ ဓမ္မဓိဋ္ဌာန်ကျသော သုံးသပ်မှုများပြုလုပ်ရန် ဖော်ပြပါရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ ဇူလိုင် ၂၁ ရက်တွင် သတင်းထုတ်ပြန်ချက်နှင့် စပ်လျဉ်းသည့် အရေးကြီးအဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကန့်ကွက်သူမရှိ တညီတညွတ်တည်း လွှတ်တော်က အတည်ပြုခဲ့သည်။

အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံအစိုးရအနေဖြင့် အမွေဆက်ခံခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခ၊ နိုင်ငံရေးအယူအဆကွဲပြားမှုများ၊ ဖွံ့ဖြိုးမှုနောက်ကျမှုနှင့်ဆင်းရဲနွမ်းပါးမှု အပါအဝင် စိန်ခေါ်မှုအမြောက်အမြားကို ဖြေရှင်းရေးအတွက် လူမှုအဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် ကွဲပြားခြားနားမှုများကို အင်အားအဖြစ်ပြောင်းလဲရန် အလေးထားဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း။

ထိုသို့ အရေးကြီးသည့်အချိန်တွင် လူမှုအသိုင်းအဝိုင်း တစ်ခုတည်း၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကိုသာ အာရုံစိုက်ပြီး မမျှမတပြောကြားချက်များသည် မြန်မာနိုင်ငံ၏လူမှုအဖွဲ့အစည်း အသိုက်အဝန်းများအကြား စိတ်ဝမ်းကွဲပြားမှုများ ပိုမိုကြီးထွားစေနိုင်သည်ဟု သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ ဇူလိုင် ၂၁ ရက် သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာတင်သွင်းသည့် အဆိုကို ကြိုဆိုထောက်ခံပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် မိမိတို့ ပြည်သူများ၏ အေးချမ်းလုံခြုံစွာနေထိုင်ခွင့်ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ၏ လွတ်လပ်ခွင့်များ ရရှိရေး အပါအဝင် အခြေခံကျသော လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ရေးအတွက် ဦးတည်ကြိုးပမ်းနေခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိလာပါက လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်နွှယ်နေသော လူ့အခွင့်အရေး ထိခိုက်ဆုံးရှုံးမှုများလည်း အဆုံးသတ်သွားမည် ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ကြရာတွင် အပြစ်တင်ဝေဖန်ရှုတ်ချမှုပြုလုပ်ခြင်း နည်းလမ်းထက် လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် ကြိုးပမ်းနေသော အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း နည်းလမ်းနှင့် ဆောင်ရွက်မှုသာ ထိရောက်အောင်မြင်မည်ဟု ခိုင်မာစွာရပ်တည်ထားပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေး နှင့်စပ်လျဉ်း၍ အပြုသဘောဝေဖန်ထောက်ပြ အကြံပြုချက်များကို အလေးအနက်ထားပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်း နည်းလမ်းထက် ထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ အဆက်ဆက်၏ ခရီးစဉ်များကို ယခင်အစိုးရလက်ထက်ကဲ့သို့ အစဉ်တစိုက်လက်ခံ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

မစ္စယန်ဟီလီသည် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူတာဝန်ကို ၂၀၁၄ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ပြီး ယခင်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ပထမအကြိမ်၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဒုတိယအကြိမ်နှင့် ၂၀၁၅ ခုနှစ် ဩဂုတ် ၅ ရက်တွင် တတိယအကြိမ် လာရောက်ခဲ့သည်။ ယခုအစိုးရလက်ထက်၌ ၂၀၁၆ ခုနှစ် ဇွန် ၁၂ ရက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နှင့် နောက်ဆုံးခရီးစဉ်အဖြစ် ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၂၁ ရက်အထိ ၁၂ ရက်ကြာ လာရောက်ခဲ့သည်။



ဒုတိယဝန်ကြီး ဦးကျော်တင်

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ လုပ်ငန်းတာဝန်(Mandate)ကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ရန် ထည့်သွင်းဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ၏လူ့အခွင့်အရေး အခြေအနေကို ဆက်လက်စောင့်ကြည့်ရန်နှင့် အထူးအစီရင်ခံစာ တင်သွင်းသူ၏ အကြံပြုချက်များ အကောင်အထည်ဖော်မှုကို လေ့လာသုံးသပ်ရန် မစ္စယန်ဟီလီကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"သူတောင်းဆိုတဲ့ ရခိုင်၊ ရှမ်းနဲ့ ကရင်ပြည်နယ် သုံးခုလုံးကို သွားရောက်ခွင့် ပေးခဲ့ပါတယ်။ သူရဲ့ လုံခြုံရေးအတွက် မသွားသင့်တဲ့ ဒေသအချို့နဲ့ အချိန်ကပ်မှ တောင်းဆိုလာတဲ့ ဒေသကိုသာ ခွင့်မပြုခဲ့ခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးတွေနဲ့ ပြည်နယ်တွေက တာဝန်ရှိသူ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဖို့ စီစဉ်ပေးခဲ့ပြီး ကုလသမဂ္ဂအစီအစဉ်နဲ့ ၎င်းတွေ့ဆုံလိုသူများကိုလည်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးကျော်တင်က ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာ တင်သွင်းသူများ လိုက်နာရသည့် ကျင့်ဝတ်များကို ပြဋ္ဌာန်းထားပြီး ယင်းကျင့်ဝတ်တွင် ၎င်းတို့၏အမြင်များကို ဖော်ပြရာတွင် အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ အများပြည်သူသို့ ထုတ်ဖော်ပြောကြားရာ၌ သက်ဆိုင်ရာနိုင်ငံ၏ တုံ့ပြန်ချက်သဘောထားများကိုလည်း မျှမျှတတဖော်ပြရမည်ဟု ပါရှိပါကြောင်း၊ ထို့အပြင် အစီရင်ခံစာတင်သွင်းသူအနေဖြင့် ဘက်လိုက်မှုကင်းရန်၊ မျှတမှုရှိရန်နှင့် တိကျမှန်ကန်၍ ဓမ္မဓိဋ္ဌာန်ကျသော သုံးသပ်မှုများ ပြုလုပ်ရန်လည်း ဖော်ပြပါရှိပါကြောင်း။

သို့သော် မစ္စယန်ဟီလီအနေဖြင့် ခရီးစဉ်နောက်ဆုံးနေ့တွင် ထုတ်ပြန်ခဲ့သည့် ကနဦးထုတ်ပြန်ကြေညာချက် (End of Mission Statement) တွင် ထုတ်ပြန်ပြောကြားချက်များမှာ တိကျမှန်ကန်မှုနှင့်မျှတမှုမရှိသဖြင့် အစီရင်ခံစာတင်သွင်းသူ လိုက်နာရမည့် ကျင့်ဝတ်များကိုလိုက်နာမှု များစွာအားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မစ္စယန်ဟီလီ၏ခရီးစဉ် နောက်ဆုံးနေ့ ထုတ်ပြန်ကြေညာချက်ပါ သုံးသပ်ပြောကြားချက်များနှင့်စပ်လျဉ်း၍ စိတ်ပျက်ရကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ဇူလိုင် ၂၁ ရက်တွင် သတင်းထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ အထူးအစီရင်ခံစာ တင်သွင်းသူသည် စိစစ်ခြင်းမပြုရသေးသည့် သတင်းများ၊ အတည်မပြုရသေးသည့် စွပ်စွဲချက်များကို ထည့်သွင်းဖော်ပြခဲ့သော်လည်း ယင်းသတင်းများနှင့်စပ်လျဉ်း၍ အစိုးရတာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများကို မစ္စယန်ဟီလီအနေဖြင့် ထင်ဟပ်ဖော်ပြမှု မပြုခဲ့ခြင်းကြောင့် မျှတမှု၊ ဟန်ချက်ညီမျှမှုကင်းမဲ့ပြီး ဘက်လိုက်မှုများရှိနေသည်ဟု သုံးသပ်ရပါကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတရှိစွာဖြင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့်ရင်ဆိုင်နေရသည့် အခက်အခဲစိန်ခေါ်မှုများကိုလည်းကောင်း၊ အစွန်းရောက်များကြောင့် အပြစ်မဲ့ပြည်သူများအသက်အန္တရာယ်ခြိမ်းခြောက်ခံနေရမှုများကိုလည်းကောင်း သူမအနေဖြင့် ထည့်သွင်းပြောကြားမှုမရှိခြင်းမှာလည်း ပကတိအခြေအနေကို လျစ်လျူရှုသည့် သဘောသက်ရောက်နေပါကြောင်း။

မစ္စယန်ဟီလီ၏ ကနဦးထုတ်ပြန်ပြောကြားချက်အရ (၇၂) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ၎င်းတင်သွင်းသည့် အသေးစိတ်အစီရင်ခံစာတွင် ဖော်ပြမည့်အချက်များသည် မျှတမှုမရှိသည့် တစ်ဖက်စောင်းနင်း သုံးသပ်တင်ပြချက်များ ပါဝင်လာနိုင်သည့်အတွက် မြန်မာနိုင်ငံအပေါ် မှားယွင်းသောဆုံးဖြတ်ချက်များ ပေါ်ပေါက်လာနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယင်းအစီရင်ခံစာတွင် ပါဝင်လာနိုင်သည့် စွပ်စွဲချက်များနှင့်ပတ်သက်၍ လိုအပ်သော စိစစ်မှုများ ပြုလုပ်ပြီးလိုအပ်သော အရေးယူတုံ့ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာကူးပြောင်းလျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် မြန်မာပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများ ရရှိရေးအတွက် အကန့်အသတ်များ၊ အခက်အခဲအမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ထက် သိသိသာသာ တိုးတက်မှုများလည်း ရရှိနေပါကြောင်း၊ ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးမှတ်တမ်း လုံးဝဥဿုံပြည့်စုံကောင်းမွန်သော နိုင်ငံတစ်နိုင်ငံမျှ မရှိသည့်နည်းတူ ဒီမိုကရေစီအသွင်ကူးပြောင်းကာစ မြန်မာနိုင်ငံမှာလည်း လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်ကို ၎င်းအနေဖြင့် နားလည်မှုရှိရန်လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်ရေး ဆောင်ရွက်ရာတွင် အသိုင်းအဝိုင်းတစ်ခုတည်းအတွက် သာမက လူမှုအသိုင်းအဝိုင်းများ၏ အခွင့်အရေးကာကွယ်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ အဆိုကို ကန့်ကွက်သူမရှိ တညီတညွတ်တည်း အတည်ပြုခဲ့သည်။

**သူရဇော်၊ မိမိဖြိုး**
**ဓာတ်ပုံ-အေးသန်း**

---

## လွှတ်တော်သို့ လာရောက် လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် သရက်မဲဆန္ဒနယ်၏ မိသားစုဝင်ငါးဦး၊ Civil Authorize Negotiate Organization (C.A.N- Myanmar)မှ ဒေါက်တာပြည့်စုံဟိန်း ဦးဆောင်သည့်အဖွဲ့ဝင် ၂၁ ဦးနှင့် တောင်ငူတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာနှင်းနှင်းစောလှမောင် ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၂၅ ဦး စုစုပေါင်း ၂၅၁ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

---

## (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဩဂုတ် ၂ ရက်မှ ၅ ရက်ထိ အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင် ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့်ပတ်သက်၍ ညနေပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ၂၇-၇-၂၀၁၇ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနနေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအားမူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါကသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ တို့သို့လည်းကောင်း၊ ၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲစီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇- ၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

### ချယ်လ်ဆီးမှ

ကစားရမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းသည်လည်း လာမည့်ပွဲစဉ်အဖြစ် ဇူလိုင် ၂၉ ရက်တွင် အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယခုကျင်းပသော ပြိုင်ပွဲသည် ငါးကြိမ်မြောက် နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲဖြစ်ပြီး တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ ဥရောပ၏ လိဂ်ပြိုင်ပွဲလေးခုမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပရီမီယာလိဂ်ကလပ်အသင်းငါးသင်း၊ စပိန်လာလီဂါကလပ်အသင်းနှစ်သင်း၊ အီတလီစီးရီးအေကလပ်အသင်းလေးသင်း၊ ပြင်သစ်ပထမတန်းကလပ်အသင်းနှစ်သင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ်အသင်းနှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

### မြန်မာအမျိုးသမီးမှ

မြန်မာအမျိုးသမီးအသင်းသည် အာရှထိပ်သီးအီရန်အမျိုးသမီးအသင်းနှင့် ကစားခွင့်ရခဲ့သောကြောင့် အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းခရီးစဉ်တွင် ခြေစမ်းပွဲငါးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ကန်ဆမ်ဘစ်တက္ကသိုလ်အသင်းကို ခြေစမ်းပွဲ ဒုတိယပွဲတွင် ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကန်ဆမ်ဘစ်တက္ကသိုလ်အသင်းနှင့်ခြေစမ်းပွဲ ပထမပွဲတွင် တစ်ဖက်တစ်ဂိုးစီသရေ၊ ထိုင်းလက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲ ဒုတိယပွဲတွင် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် အီရန်အသင်းကို ရှစ်ဂိုး- ဂိုးမရှိ၊ ထိုင်းလက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲ ပထမပွဲတွင် လေးဂိုး-နှစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

**(ဖိုးသော်ဇင်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# မောင်စူးစမ်း (ခေါ်) ဦးချမ်းအေး

## မောင်စွမ်းရည်

မြန်မာပြည်မှာ စာရေးဆရာကြီးများဖြစ်ကြတဲ့ ဆရာမင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ ဆရာမောင်ထင်၊ လူထုဒေါ်အမာ၊ ဒဂုန်တာရာစတဲ့ စာရေးဆရာကြီးများ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြပါတယ်။ အားလုံးအသက် (၉၀) တန်းတွေချည်းပါပဲ။ ခု မောင်စူးစမ်း (ခေါ်) ဦးချမ်းအေးကွယ်လွန်ပါတယ်။ အသက် (၉၁) နှစ်ပါ။ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၈ ရက် အာဇာနည်နေ့အကြို တစ်ရက်မှာ ကွယ်လွန်ခဲ့ပါတယ်။ ခေတ်လူငယ်စာရေးဆရာတွေကျတော့ အသက်တိုကြရှာတယ်။

ဦးချမ်းအေးရဲ့ ဂုဏ်ပုဒ်တွေက များပါတယ်။ နိုင်ငံရေးသမား၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ဘောဂဗေဒပညာရှင်။ ခုနောက်ဆုံး ကွယ်လွန်ချိန် နောက်ဆုံးဂုဏ်ပုဒ်ကတော့ စာရေးဆရာဖြစ်မယ် ထင်ပါတယ်။ ခုတော့ ဦးချမ်းအေးဟာ ဂုဏ်ပုဒ်အားလုံးကိုထားခဲ့ပြီး အေးချမ်းရာကို အပြီးအပိုင် ထွက်ခွာသွားခဲ့ပါပြီ။

ဦးချမ်းအေးရဲ့ဇာတိက ပျဉ်းမနားတဲ့။ ပျဉ်းမနား၊ လယ်ဝေးဆိုတာ လွတ်လပ်စ မြန်မာပြည်မှာ သူပုန်ထခဲ့တဲ့ ဒေသပါ။ ကျွန်တော်မူလတန်းကျောင်းသားအရွယ်က သီချင်းဆိုခဲ့ရဖူးတာက "ပျဉ်းမနား၊ နတ်မောက်အရေး၊ တစ်တိုင်းပြည်လုံးက ထောက်ခံပါတယ်။ သူပုန် ဘာကြောင့်ထရတယ်။ လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ကို ချုပ်ချယ်လို့သာ သူပုန်ထတယ်" စသဖြင့် ဖြစ်ပါတယ်။ သခင်သန်းထွန်းလည်း ပျဉ်းမနား၊ လယ်ဝေးဇာတိလို့ ကြားရဖူးပါတယ်။ ဦးချမ်းအေးရဲ့ နာမည်အရင်းက ဦးတင်ရွှေတဲ့။ ဗမာအမည်ပေးစနစ်အရဆိုရင် စနေသား ဖြစ်ပုံရပါတယ်။ ဘာသာရေးကိုးကွယ်မှုကတော့ တစ်သက်လုံးရှိသွားပုံမရပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဆရာဦးချမ်းအေးကို ချစ်တယ်။ ကျွန်တော့်အဖေနဲ့ ရုပ်ချင်းဆင်သလားလို့ပါ။ အသားညိုညို အညာသားပုံစံ အစစ်။ ညီအစ်ကိုတမျှ။

ကျွန်တော်တို့ရွာက အလွန်တောကျတဲ့ ရွာကလေးပါ။ မြို့တက်ကျောင်းနေဖူးတာက ကျွန်တော့်အဖေ ညီအစ်ကိုတစ်တွေပဲရှိပါတယ်။ မြေတိုင်း အင်စပက်တော်၊ ကျောင်းဆရာ၊ ရွာသူကြီး. . ။ကျောင်းဆရာဆိုတာ စာနဲ့ အသက်မွေးသူမဟုတ်လား။ သူတို့က စာဖတ်ကြတယ်။ မြို့က သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ မှာယူဖတ်ရှုကြပါတယ်။ မြန်မာ့အလင်း၊ ရန်ကုန်၊ ဗမာ့ခေတ်၊ လူထု. . . ။ ရှုမဝ၊ သွေးသောက်၊ လူထုဂျာနယ်မှာ မောင်စူးစမ်းဆိုတဲ့ အမည်ကို မှတ်မှတ်ရရဖြစ်နေပါတယ်။ လူထုဂျာနယ်မှာ မောင်စူးစမ်းရေးတဲ့ အပတ်စဉ် ဆောင်းပါးအမည်က "ဗမာ့စီးပွားရေး စစ်တမ်း"။ စစ်တမ်းဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်ကို ဝိုးတဝါးပဲ သိခဲ့မိတယ် ထင်ပါတယ်။ နောက်တော့ မဂ္ဂဇင်းအရွယ်နဲ့ ဆောင်းပါးပေါင်းချုပ်ထုတ်ခဲ့တယ် ထင်ပါတယ်။ ဘာစာတွေမှန်း မသိလို့ မဖတ်ခဲ့ပါ။ အဖုံးမှာပါတဲ့ "မောင်စူးစမ်း"နဲ့ "စစ်တမ်း"ပဲ မြင်နေကျဖြစ်ပြီး မှတ်မိနေပါတယ်။ မူလတန်းကျောင်းသားဘဝကပါ။ ကျွန်တော့်ဦးလေးတွေကတော့ ကွန်မြူနစ်တွေလို့ ထင်ပါရဲ့။ အဲဒီစာအုပ်ကို ဖတ်ကြပါတယ်။

"စစ်တမ်း"ဆိုတာကိုတော့ အထူးစွဲခဲ့ပုံရပါတယ်။ ကျွန်တော်တို့ကပဲ အစွဲအလမ်းဖြစ်သလား။ ဦးလေး လူထု ဦးလှကပဲ အစွဲအလမ်းဖြစ်သလား မသိပါ။ ကျွန်တော်တို့နဲ့ အထက်ဗမာနိုင်ငံစာရေးဆရာအသင်းရဲ့ ပထမဆုံးစာတမ်းပေါင်းချုပ်အမည်က "ဗမာစာပေစစ်တမ်း"တဲ့။

ဆိုခဲ့ပါအတိုင်း ကျွန်တော်တို့ မူလတန်းကျောင်းသားအရွယ်မှာ ကျွန်တော့်အဖေတို့ ညီအစ်ကိုတစ်တွေ သတင်းစာတွေ မှာယူဖတ်ရှုကြတဲ့အတွက် စာဖတ်တတ်တဲ့အရွယ်ကပဲ သတင်းစာတွေကို ကိုင်နေပါပြီ။ အဲဒီတုန်းက သတင်းစာမှာ အထူးမှတ်မိလိုက်တဲ့ သတင်းက "ဖော့ဦးထုပ်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ခြင်း" သတင်းပါ။ ဘာသတင်းစာရယ်တော့ မမှတ်မိတော့ပါ။ ပုဆိုး၊ အင်္ကျီဆင်တူနဲ့ ဖော့ဦးထုပ်ကိုယ်စီဆောင်းထားတဲ့ လူတစ်စု လေယာဉ်ကွင်းမှာ တန်းစီပြီး ဓာတ်ပုံ ရိုက်ထားတဲ့သတင်းပါ။ ဘာဖြစ်လို့ စွဲစွဲလမ်းလမ်း မှတ်မိနေသလဲဆိုတာကို ခုမှပဲ ပြန်စဉ်းစားကြည့်နေမိပါတယ်။ ကျွန်တော်တို့ရွာမှာ "ဝါ"နဲ့ "ခေါက်ဆွဲ"လဲစားဖူးတယ်။ "လောက်စလုံး"နဲ့ "ထန်းလျက်"နဲ့ လဲလှယ်ဖူးတယ်။ "ဘာတာ"စနစ်ဆိုပါတော့။ ဖော့ဦးထုပ်ကိုလည်း ငြိမ်းချမ်းရေးနဲ့လဲလှယ်သတဲ့။ ဖော့ဦးထုပ်ကတော့ ကိုယ်ဆောင်းဖူးလို့ သိပါရဲ့။ 'ငြိမ်းချမ်းရေး'ဆိုတဲ့ စိတ္တဇနာမ်ကိုတော့ အဓိပ္ပာယ်ရေးတေးတေး သိသလိုရှိပြီး ဖော့ဦးထုပ်နဲ့ ဘယ်လိုလဲလှယ်သလဲဆိုတာ လုံးဝသဘောမပေါက်ခဲ့။ ငြိမ်းချမ်းရေးဆိုတာ စားလို့ဝါးလို့လည်း ရတာမဟုတ်ဘဲ။ ဘယ်လိုလဲလှယ်ကြသလဲပေ့ါ။ ထူးဆန်းလို့ စွဲနေခဲ့တာဖြစ်မှာပါ။ အဲဒီတန်းစီနေတဲ့အထဲမှာ ဓာတ်ပုံရဲ့ ညာဘက်အစွန်က ညာခြေထောက်ရှေ့ကို ခပ်ကျဲကျဲထုတ်ပြီး ရပ်နေသူက "ကိုချမ်းအေး"တဲ့ ဖော့ဦးထုပ်ဆောင်းလို့။ ၁၉၄၈ ခုနှစ်လောက်က ထင်ပါတယ်။ အဲဒီနောက်မှ တက္ကသိုလ်ပြန် တက်ပြီး ဘွဲ့ရခဲ့ပါတယ်။

ကျွန်တော်တက္ကသိုလ်ရောက်တော့ ဖော့ဦးထုပ်ခေတ်မရှိတော့ပါ။ သက္ကလပ်ဦးထုပ်တွေ ဆောင်းနေကြပါပြီ။ ဖော့ဦးထုပ်နဲ့ ငြိမ်းချမ်းရေးလဲတဲ့ ဝေါဟာရမသုံးတော့ဘဲ အလင်းဝင်တယ်။ အညံ့ခံတယ်။ လက်နက်ချတယ်။ လက်နက်စွန့်တယ် စသဖြင့် အမျိုးမျိုးသုံးလာခဲ့ပါပြီ။ ကျွန်တော်တက္ကသိုလ်ရောက်တော့ ကျွန်တော်လည်း ဦးချမ်းအေးလိုပဲ လူထုကျောင်းထွက်ဖြစ်နေပါပြီ။ စာပေသဘောနဲ့ပြောရရင် ကလောင်ညီအစ်ကိုဖြစ်နေပါပြီ။ ၁၉၅၆-၆၀ ခုနှစ်လောက်အတွင်းပေ့ါ။ ၁၉၈၈ ခုနှစ်ရောက်တော့ ကျွန်တော် ရန်ကုန်ရောက် နေပါပြီ။ ရှစ်လေးလုံးအရေးတော်ပုံ နောက်ပိုင်းရက်တွေမှာ ဦးဝင်းတင်၊ ဗိုလ်သော်က၊ တင်မိုး၊ မောင်သာနိုး၊ မုံရွာတင်ရွှေ၊ မောင်မိုးသူ၊ မောင်ဝံသ၊ ဦးချမ်းအေး၊ ကိုထွေးမြင့်စတဲ့ စာပေရဲဘော်တစ်စုဟာ ဒေါ်အောင်ဆန်းစုကြည်တို့ ခြံဝင်းကြီးရဲ့ အနောက်ဘက်ခြံဝင်းထဲက ခြံစည်းရိုး အခြေရှိသစ်တုံးရှည်ကြီးပေါ်မှာ တန်းစီထိုင်ရင်းအဝင်၊ အထွက် ဧည့်သည်တွေနဲ့ နှုတ်ဆက်လိုက်၊ ကိုယ့်အချင်းချင်းစကားပြောလိုက်ကြနဲ့ နေကြပါတယ်။

ကျွန်တော်လည်း နေ့တိုင်းလောက်ရောက်ပါတယ်။ တစ်ခါတော့ ကျွန်တော်က မြင်းခြံကပါလာတဲ့ ထန်းရွက်ဦးထုပ် (ထန်းရွက်ကို စိတ်ဖြာပြီး ရက်လုပ်ထားတဲ့ ဦးထုပ်)ကိုဆောင်းပြီး သူတို့ လူတန်းဆီကို နောက်ကျဝင်လာပါတယ်။ ဦးထုပ်ဝါသနာပါပုံရတဲ့ ဦးချမ်းအေးက "ကိုစွမ်းရည် ခင်ဗျားဦးထုပ်ပြစမ်းပါ"တဲ့။ ကျွန်တော်ကလည်း သူငယ်ချင်း တင်မိုး ပြောလေ့ရှိသလို "နှုတ်ဆော့"တတ်တဲ့ ဝါသနာအတိုင်း "ဦးချမ်းအေး-ထန်းဖူးဦးထုပ်နဲ့ ဒီမိုကရေစီ လဲမလို့လား"လို့ လွှတ်ခနဲပြောလိုက်မိပါတယ်။ မူလတန်းကျောင်းသားဘဝက သတင်းစာမှာ မြင်ခဲ့ရဖူးတဲ့ သတင်းဓာတ်ပုံအစွဲအလမ်းနဲ့ ပြောလိုက်မိတာပါ။ ဒီစကားက ဦးချမ်းအေးကို အတော်ထိသွားပုံရပါတယ်။ အတော်ပဲ မျက်စိမျက်နှာပျက်သွားရှာပါတယ်။ ရဲဘော်အပေါင်းအသင်းများကတော့ အားလုံးဓာတ်သိတွေဖြစ်လို့ ပွဲကျသွားပါတယ်။ မောင်မိုးသူကတောင် အဲဒါ "မောင်စွမ်းရည်အစစ်" (ဝက်အစစ်)လို့ ပြောလိုက်သည်ကို မှတ်မိနေပါတယ်။ ပြန်တွေးရင် ခုထက်ထိ အားနာစရာကြီးပါ။



**စာရေးဆရာကြီး မောင်စူးစမ်း။**

ဦးချမ်းအေးနဲ့ ကျွန်တော်နဲ့က ဘယ်လိုကဘယ်လို ရင်းနှီးသွားခဲ့မှန်း မမှတ်မိတော့ပါ။ ဦးဝင်းတင်၊ ဗိုလ်သော်ကတို့လိုပဲ ရင်းနှီးနေခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်က ဘာမှမဟုတ်။ ဆရာက အဖွဲ့ချုပ်မှာ ဗဟိုကော်မတီဝင်ကြီးပါတကား။ ဦးဝင်းတင်က "ခင်ဗျား အစိုးရအလုပ်ပြန်လုပ်မယ်ဆိုရင် ခင်ဗျားကို ပါတီတာဝန်မပေးတော့ဘူး။ ကျွန်တော်တို့လိုချင်တဲ့ စာအုပ်စာတမ်းတွေပဲ ရှာပေးတော့"လို့ ပြောဆိုပြီး ကျွန်တော့်ကို ဖယ်ထားပြီးပါပြီ။ အဲဒါ ကိုတင်မိုး သဘာပတိယူပြီး တတ်သိ အဖွဲ့ဖွဲ့ပြီးစ ထင်ပါတယ်။ ပန်းချီဝင်းဖေနဲ့ ဗိသုကာကျော်မင်းလည်း နေ့စဉ်လာလေ့ရှိနေတာကို သတိပြုမိပါတယ်။ တစ်ခါတစ်ရံ ဗေဒင်ဆရာ မင်းသိခ်တောင်ပါလိုက်သေး။ အဲဒီတုန်းက ကျွန်တော်ရဲ့ ထန်းဖူးဦးထုပ်ကို ဦးချမ်းအေးကလည်း လိုချင်၊ ဦးဝင်းတင်ကလည်း လိုချင်နေလို့ ဘယ်သူ့မှ မပေးဖြစ်တော့ဘဲ ရွာကမှာပေးမယ်လို့ပဲ ပြောထားခဲ့ပါတယ်။ မကြာခင် သူတို့အားလုံး ထောင်ကျသွားလို့ ဦးထုပ်မမှာဖြစ်တော့ပါ။

ဦးချမ်းအေးတို့တစ်တွေ လေယာဉ်ကွင်းမှာ ဖော့ဦးထုပ်ကိုယ်စီနဲ့ ဆင်းလာကြတာဟာ ပြည်တွင်းစစ်အစမှာ ပထမဆုံးငြိမ်းချမ်းရေး ဆွေးနွေးဖို့လာတဲ့ အဖွဲ့ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးတာ မအောင်မြင်ပါ၊ ဦးချမ်းအေးလည်း တောတွင်းကို ပြန်မသွားတော့ပါ။ နိုင်ငံရေးဆောင်းပါး၊ ဘောဂဗေဒဆောင်းပါးတွေ ရေးနေတယ်လို့ သိရပါတယ်။ ရန်ကုန်မှာ သူ့အပေါင်းအသင်းတွေက တက္ကသိုလ်လက်ဝဲသမားများ၊ စာပေသမားများ၊ ဗကပ-ကွန်မြူနစ်ဟောင်းများ၊ သတင်းစာဆရာများ၊ ဖက်ဆစ်တော်လှန်ရေးရဲဘော်ဟောင်းများ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကတော့ ဦးချမ်းအေးမွေးနေ့ပွဲနှစ်စဉ်လို လုပ်ခဲ့ဖူးပါတယ်။ အဲဒီမွေးနေ့ပွဲတွေမှာ သူ့အပေါင်းအသင်းတွေစုံပါတယ်။ ဆရာဦးချမ်းအေးက ဖက်ဆစ်တော်လှန်ရေးမှာ ပါခဲ့တာကို လူသိနည်းပါတယ်။ သူတို့ချင်းပြောကြတဲ့ "ယောနင်း"၊ "ယောနင်း" ဆိုတဲ့ စကားလုံးကို ကြားဖူးကြပါလိမ့်မယ်။ ဂျပန်စစ်သင်တန်းကလာတဲ့ ဝေါဟာရပါ။ ရှစ်လေးလုံးအပြီးမှာ ဦးဝင်းတင်၊ မောင်မိုးသူ၊ ဦးတင်ရွှေ၊ ဦးသော်ကစတဲ့ ကိုယ့်မိတ်ဆွေတွေ အဖမ်းခံရစဉ် ကျွန်တော့်ကို ထောက်လှမ်းရေးက နှစ်ခါခေါ်ယူစစ်ဆေးပါတယ်။ ကိုယ်ရေးရာဇဝင်တွေ တစ်နေကုန် ရေးပေးခဲ့ရပါတယ်။ နောက်တစ်ခေါက် အခေါ်ခံရတော့ ကျွန်တော်က တစ်ပြည်လုံး ကျောင်းဆရာတွေခေါ်ပြီး စာကြည့်တိုက်ပညာသင်ပေးနေတယ်။ တစ်လကျော်ကြာမယ်လို့ ပြောပြတော့ တစ်လကျော်တော့ ပြန်ခေါ်မယ်ဆိုပါတယ်။ ဒီအတွင်း ကံကောင်းချင်တော့ ပြည်ပက စာကြည့်တိုက်မှူးများ ညီလာခံ (ယူနက်စကို အစီအစဉ်နဲ့)တစ်ကြိမ် ထိုင်းကို သွားရပြီး နောက်တစ်ကြိမ် အရှေ့တောင်အာရှ စာပေစာတမ်းဖတ်ပွဲကို နယ်သာလန်နိုင်ငံက ဖိတ်ကြားလို့သွားရပါတယ်။ နယ်သာလန်ကမှ ဆက်လက်ဖိတ်ကြားလို့ အမေရိကားကို ရောက်လာတော့ တင်မိုးနဲ့တွဲပြီး မပြန်ဘဲနေပါတယ်။ ပြန်ရင် ဖမ်းမှာ ဆီးမှာ ကြောက်လို့ပါ။

ကဗျာဆရာတင်မိုးနဲ့ ကျွန်တော် နယူးယောက်ကို ရောက်ကြတော့ ဘုမသိဘမသိနဲ့ ဦးချမ်းအေး သမီး မချောစုကို စုံစမ်းကြပြီး သူတို့အိမ်ကိုပဲ စတည်းချကြပါတယ်။ ဝတ္ထုရေးဆရာ မောင်သာရရောက်လာပြန်တော့ မောင်သာရကလည်း မချောစု(ကိုစိုးနိုင်)တို့အိမ်ကို သူ့အမျိုးအိမ်လို သဘောထားပြီး ဘာမှခွင့်တောင်းမနေဘဲ စတည်းချလိုက်ပြန်ပါတယ်။ တစ်ခါတလေ ဧည့်သည်တွေပါ လာအိပ်ကြတာ တရုန်းရုန်းနဲ့ပါ။ မချောစု-ကိုစိုးနိုင်တို့ကလည်း တပြုံးပြုံးနဲ့ သည်းခံကြပါတယ်။ တင်မိုးမှာ ဥရောပက စာပေဆု(ပရင့်ကလော့စ်ဆု) ရတော့ ဆုပေးရေးအဖွဲ့က တင်မိုးမိသားစုနဲ့ သူငယ်ချင်းများပါ ဟိုတယ်ကြီးတစ်ခုမှာထားပေမယ့် မနေဘဲ မချောစုအိမ်လိုက်ပို့ပါလို့ပဲ ပူဆာလေ့ရှိပါတယ်။ ဆေးလိပ်ကို အိမ်ထဲမှာ သောက်ခွင့်ပေးလို့တဲ့ တင်မိုးက။

ဦးချမ်းအေး သမီးက စာအုပ်ဆိုင်လေးလုပ်ထားတော့ ဦးချမ်းအေးက မောင်ဝံသာဆိုင်ကနေ စာအုပ်တွေယူပြီး ပို့ပေးနေပါတယ်။ စာအုပ်ကောင်းတွေရွေးပို့တာဆိုတော့ ကျွန်တော်တို့မှာ ပြည်ပရောက်မှ ပိုပြီးတော့ဟန်ကျနေပါတယ်။ ဦးချမ်းအေးကလည်း ကျွန်တော်တို့အတွက် ရည်ရွယ်ပို့ဟန်ရှိပါတယ်။ ကျွန်တော်က အဝေးရှိ ဗမာစာဖတ်ပရိသတ်နဲ့ပါ ဆက်ပေးလို့ တစ်ခါတစ်ရံ အကြွေး သုံး၊လေးရာတင်ပါတယ်။ ဆရာတင်မိုးကတော့ ဆေးလိပ်လည်း မချောစုဆိုင်က ကြိုက်သလောက်ရ၊ အိမ်ထဲမှာလည်း နွေ၊ မိုး၊ ဆောင်း ဆေးလိပ်သောက်ခွင့်လည်းရ၊ သူကြိုက်တဲ့ မင်းသိခ်ဇာတ်လမ်းကို တီဗွီမှာလည်းကြည့်လို့ရ၊ အိမ်ကြီးကျယ်ကျယ်မှာ အိပ်ချင်တဲ့နေရာထိုးအိပ်လို့ရလို့ သူ့သမီးတွေ အိမ်ထက်ပျော်ပါတယ်။ အမှန်ပါ။ တစ်ခါတော့ ကျွန်တော်က မချောစုကို "အိမ်ထဲဆေးလိပ်မသောက်ရ" အမိန့်ထုတ်ပါလားဆိုတော့ အဖေ(ဦးချမ်းအေး)ရဲ့ သူငယ်ချင်းတွေ ဒေါ်ထက်ဆိုးတယ်လို့ပြောလို့ ကျွန်တော်နှုတ်ပိတ်၊ တင်မိုးကတော့ "မှတ်ကရော"တဲ့။ ဒါ ဦးချမ်းအေး သမီးအစစ်။

တစ်ခါတော့ အမေရိကားကို ဦးချမ်းအေး လာလည်ပါတယ်။ မချောစု အမေကဆုံးလို့ နောက်အိမ်ထောင်နဲ့ပါ။ မချောစု အမေက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ဆရာမပါ။ နိုင်ငံခြားကိုတောင်ပညာသင်သွားခဲ့ရဖူးပါတယ်လို့ ကြားဖူးပါတယ်။ စစ်ပြီးခေတ်မှာ ပထမဦးဆုံး ဘာသာသိပ္ပံပညာရှင်ဖြစ်လာပါတယ်တဲ့။ အသေစောလို့ ရန်ကုန်တက္ကသိုလ်အတွက်သာမက မြန်မာစာပေလောကအတွက်ပါ ဆုံးရှုံးမှုဖြစ်ရပါတယ်။ ဘာသာသိပ္ပံသင်ကြားမှု အဆက်ပြတ်သွားခဲ့ရပါတယ်။ အံ့ဩစရာက ဦးချမ်းအေးဟာ သူ့ဇနီးဆီက ဘာသာသိပ္ပံဆည်းပူးပြီး ဘာသာစကားလေ့လာရေးဆောင်းပါးတွေ ဘာတွေ ဝင်ရေးလိုက်ပါသေးတယ်။ သူ့အဖို့ မောင်ဝံသရဲ့"ဒေါင်းစာပေ"စာအုပ်ဆိုင်မှာ မောင်သာနိုးနဲ့ ဘာသာစကားပညာဆွေးနွေးဖော်လည်းရခဲ့ပါတယ်။ သူတို့နှစ်ယောက် မောင်ဝံသ တည်းဖြတ်ထုတ်ဝေတဲ့ "အတွေးအမြင်" စာစောင်လေးမှာ လစဉ်ဝင်ရေးပေးနေခဲ့ကြပါတယ်။ အတွေးအမြင်စာစောင်တွေရော၊ တခြားလက်ဆောင်ရတဲ့စာစောင်တွေရော၊ ဦးချမ်းအေးက သူ့သမီးဆီ ပို့ပေးတော့ ကျွန်တော်တို့ဖတ်ရပါတယ်။ တခြားလက်ဆောင်ရသမျှ စာအုပ်ကောင်းတွေလည်း လက်ဆင့်ကမ်းလိုက်တာပါပဲ။ မောင်သာနိုးရေးသမျှလည်း ဦးချမ်းအေးကတစ်ဆင့် ပို့ပေးလို့ဖတ်ရပါတယ်။

မောင်သာနိုးနဲ့ ဦးချမ်းအေးတို့က လူထုတိုက်ထွက် စာပေညီအစ်ကို တွေ့ဖြစ်ရုံမက ဖတ်ခဲ့ကြတဲ့ စာပေနောက်ခံ (လက်ဝဲစာပေများ)ကလည်း တူကြတယ် မဟုတ်လား။ ဒါကြောင့် စကားပြောဖော်ဖြစ်ခဲ့ကြဟန်တူပါတယ်။

ဆရာချမ်း နယူးယောက်ကိုကျတော့ သူ့သမီးဆီကိုလာတာပါ။ ဘာပဲဖြစ်ဖြစ် နယူးယောက်ကိုလာတော့ ကိုယ့်ဆီလာသလို အောက်မေ့ပါတယ်။ အဖွဲ့ချုပ်က ဗဟိုကော်မတီဝင်ဟောင်းဖြစ်တဲ့ ရှေ့နေ ဒေါ်မြင့်မြင့်ခင်ကလည်း နယူးယောက်က သူ့သမီးဆီကိုလာတော့ မိတ်ဆွေဟောင်းတွေနဲ့ မြိုင်ဆိုင်နေပြီး ပြည်ပမှာ အဖော်မမဲ့ခဲ့ကြပါဘူး။ ဒါပေမယ့် ကျွန်တော့်ဘက်က ဝတ္တရားမကျေပါ။ ဟိုပို့ဒီပို့လိုက်ပို့တော့လည်း ကားရှိတဲ့သူ့သားသမီးတွေကပဲ လိုက်ပို့ကြပါတယ်။ ကျွန်တော်ကလည်း မိသားစုပါ လိုက်လာခါစဆိုတော့ ချာချာလည်နေပါတယ်။ တစ်ခါဆို တစ်ခါပဲ။ ဆရာတို့ ဇနီးမောင်နှံတို့ကို အိမ်ဖိတ်ပြီး နေ့လယ်စာကျွေးခဲ့လိုက်ရပါတယ်။ သူ့သမီးအိမ်မှာ အိပ်ခဲ့၊ စားခဲ့တာက အကြိမ်ကြိမ်ပါ။

ဆရာ့ကို ထမင်းဖိတ်ကျွေးတော့ နိုင်ငံရေးလောကထဲက လူငယ်တစ်ယောက်က "ဆရာ-သူက မဆလကြီးပဲ။ ဦးနေဝင်း လူပဲ။ ဘာလို့ ပေါင်းနေရသလဲလို့ ဝေဖန်ပြောဆိုတာခံရဖူးပါတယ်"ဟဲ့- ငါကလည်း ဘာကောင်မှ မဟုတ်ဘူး။ သူက ဘာပဲဖြစ်ဖြစ် ငါ့ဆရာ ငါ့ကျေးဇူးရှင်။ ငါမူလတန်းလောက်ကတည်းက စာရေးနေတဲ့ စာရေးဆရာကြီး။ သူပို့ပေးလို့ မြန်မာစာအုပ်ကောင်းတွေ ငါတို့ဖတ်နေရတဲ့ ကျေးဇူးကိုက မနည်းဘူး"လို့ ပြန်ပြောရပါတယ်။

"ဆရာစွမ်း -သူက ကွန်မြူနစ်ပျက်၊ မဆလပျက်၊ အင်န်အယ်လ်ဒီပျက်ကြီး မဟုတ်လား"တဲ့။ ဆက်လာပြန်ပါတယ်။

"အေး ငါတို့၊ မင်းတို့မှာ သူ့လိုပျက်စရာကြီးတွေတောင် မရှိခဲ့ဘူး။ ဒါတွေပြောမနေနဲ့ သူက လူရိုး၊ လူကောင်းကြီးပါ။ လူထုတိုက်ထွက် စာပေမိသားစုဝင်ပါလို့ ပြန်ပြောလိုက်ရပါတယ်။ ဆရာချမ်း အေးချမ်းရာ ရောက်ပါစေ။ ။

**၂၀၁၇ ဇူလိုင် ၂၀၊(နယူးယောက်)**

# ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရေရှည်ဖြစ်ထွန်းဖို့ကတော့ မြန်မာပြည်သူတွေ ပိုပြီးကြိုးပမ်းဖို့လိုတယ်လို့ ထင်ပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr.Luan Thuy Duong နှင့် တွေ့ဆုံမေးမြန်းခြင်း

ဇူလိုင် ၂၃ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးတို့နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. Luan Thuy Duong နှင့် တွေ့ဆုံမေးမြန်းခန်းကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။

**မေး။ ဗီယက်နမ်-မြန်မာ သံတမန်ဆက်ဆံရေးနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့ အမြင်နဲ့သုံးသပ်ချက်များကို သိချင်ပါတယ်။**

ဖြေ။ ယခုနှစ်မှာ ဗီယက်နမ်နဲ့မြန်မာနိုင်ငံအကြား (၄၂) နှစ်မြောက် သံတမန်ဆက်ဆံရေးအထိမ်းအမှတ်ပွဲနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ပထမဦးဆုံး ဗီယက်နမ်ကိုယ်စားလှယ်ရုံးရဲ့ နှစ် (၇၀) ပြည့်အခမ်းအနားကျင်းပမှာ ဖြစ်ပါတယ်။ ဒါဟာ နှစ်နိုင်ငံအကြားဆက်ဆံရေးမှာ အလွန်အရေးကြီးတဲ့ အထိမ်းအမှတ်လို့ ကျွန်မလက်ခံထားပါတယ်။ ဗီယက်နမ်နဲ့ မြန်မာဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသိပ္ပံနဲ့နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစရှိတဲ့ကဏ္ဍတွေမှာ တိုးတက်အောင်မြင်မှုတွေ ရရှိပြီးဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာတော့ ကုန်သွယ်မှုမှာရော ရင်းနှီးမြှုပ်နှံမှုတွေပါ အောင်မြင်မှုရရှိခဲ့ကြပါတယ်။

မကြာသေးမီကပဲ ကျွန်မတို့ရဲ့ လူမှုရေးသိပ္ပံနဲ့လူသားချင်းစာနာထောက်ထားတဲ့ အင်စတီကျူးရှင်းတွေ မြန်မာနိုင်ငံကို ရောက်ရှိလာကြပြီး မြန်မာနဲ့ဗီယက်နမ်တို့အကြား အမြင်တွေ ဖလှယ်ခဲ့ကြပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ဆက်ဆံရေးဟာ သံတမန်နှစ်များစွာကို ဖြစ်ပေါ်စေခဲ့ရုံမက ဖွံ့ဖြိုးတိုးတက်မှုများစွာကိုပါ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ မကြာမီကာလမှာ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိတွေ အပြန်အလှန်သွားရောက်လည်ပတ်မှု မြှင့်တင်ဖို့ရှိသလို ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကိုလည်း မြှင့်တင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဆက်ဆံရေးဟာ သံတမန်အရသာမက ပြည်သူအချင်းချင်းထိတွေ့မှု၊ အသင်းအပင်းအချင်းချင်းထိတွေ့မှုနဲ့ လူ့အဖွဲ့အစည်းအချင်းချင်းထိတွေ့မှုတွေပါ အကျိုးဝင်တဲ့အတွက် အပြန်အလှန်အကျိုးကျေးဇူးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

**မေး။ ဗီယက်နမ်စစ်ပွဲပြီးတဲ့နောက် ၁၉၇၅ ခုနှစ်မှာ တောင်ဗီယက်နမ်နဲ့မြောက်ဗီယက်နမ်တို့ ပြန်လည်ပေါင်းစည်းခဲ့တာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မြန်မာအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့ အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာအတွက် နှစ်ပေါင်း ၃၀ ကြာ အပတ်တကုတ်ကြိုးပမ်းရုန်းကန်လာခဲ့ပြီးမှ ၁၉၇၅ ခုနှစ်မှာ ပြန်လည်ပေါင်းစည်းခဲ့ကြပါတယ်။ မြန်မာနဲ့ ဗီယက်နမ်ဟာ အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် အတူတူကြိုးပမ်းခဲ့ရတယ်လို့ ကျွန်မထင်ပါတယ်။ ကာလရှည်ကြာတဲ့ စစ်ပွဲကြောင့် ဗီယက်နမ်နိုင်ငံဟာ စွမ်းဆောင်ရည်များစွာ ကင်းမဲ့ခဲ့တဲ့အတွက် ပြည်သူတွေဆီက အကူအညီများစွာ လိုအပ်ခဲ့ပါတယ်။ ထို့အတူ ပြည်သူတွေ စည်းလုံးညီညွတ်အောင်ပဲ လုပ်ဆောင်ခဲ့ရပါတယ်။ ဒီအတွေ့အကြုံကတော့ မြန်မာနိုင်ငံနဲ့အတူတူပါပဲ။ သို့သော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ရာမှာတော့ မြန်မာနိုင်ငံနဲ့မတူတဲ့အချက်အချို့ ရှိတယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နှစ်နိုင်ငံရဲ့သမိုင်းကြောင်းက မတူညီကြလို့ပါ။ ထို့အတူ ကျွန်မတို့အရွေ့ကလည်း ကွဲပြားကြမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗီယက်နမ်ဟာ မြန်မာနိုင်ငံလိုလူမျိုးစု ပြဿနာနဲ့ ပဋိပက္ခတွေများများစားစား မရှိခဲ့လို့ပါဘဲ။

**မေး။ အဆွေတော်ရဲ့ အတွေ့အကြုံကို မူတည်ပြီး မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အဆွေတော်ရဲ့ အမြင်ကို သိချင်ပါတယ်။**

ဖြေ။ မြန်မာနိုင်ငံက ဒီမိုကရေစီလုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ စပြီးပြောရရင် မြန်မာနိုင်ငံကို ကျွန်မရောက်ရှိလာတဲ့ ၁၀ လ



ဗီယက်နမ်သံအမတ်ကြီး
Dr. Luan Thuy Duong

တာကာလအတွင်းမှာ သိသာထင်ရှားတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေ တွေ့ရပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ လူ့အခွင့်အရေးတွေ ပိုမိုဖြစ်ထွန်းလာတာမြင်ရတဲ့အတွက် အထင်ကြီးလေးစားမိပါတယ်။ သို့သော်လည်းပဲ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရေရှည်ဖြစ်ထွန်းဖို့ကတော့ မြန်မာပြည်သူတွေ ပိုပြီးကြိုးပမ်းဖို့လိုတယ်လို့ ထင်ပါတယ်။ ထိုကဲ့သို့ဖြစ်ထွန်းဖို့အတွက် ဥပဒေနဲ့ညီညွတ်တဲ့ စနစ်တစ်ရပ်ရှိဖို့ အထူးလိုအပ်တယ်လို့မြင်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းပြောရရင်တော့ အစိုးရ၊ ပြည်သူနဲ့ လူမျိုးစုတိုင်းရင်းသားအုပ်စုတွေ အားလုံးဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တက်ကြွစွာ ပါဝင်ကြတာတွေ့ရပါတယ်။ ဒုတိယပင်လုံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနဲ့အတူ တိုးတက်အောင်မြင်မှုအချို့ တွေ့ရပါတယ်။ ဒုတိယပင်လုံမှာ ပါဝင်တက်ရောက်သူအရေအတွက် များပြားလာခြင်း၊ ကတိကဝတ်အချို့ရရှိလာခြင်းနဲ့ အရေးကြီးတဲ့ အခြေခံမူများအပေါ် သဘောတူညီချက်အချို့ရရှိလာခြင်းကြောင့် အောင်မြင်မှုရခဲ့တယ်လို့ ဆိုရမှာပါ။

ပင်လုံညီလာခံက အခြေခံမူတွေဟာ မရှိမဖြစ်အရေးကြီးတယ်လို့ မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအခြေခံမူတွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နဲ့ မြေယာပြုပြင်ပြောင်းလဲမှုတွေအပေါ်မှာ အခြေခံထားတဲ့အတွက် ဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးသိကြတဲ့အတိုင်းပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ လုပ်ငန်းစဉ်တစ်ခုပါ။ အဲဒီလုပ်ငန်းစဉ်အတွက် အချိန်ကာလရော ကြိုးပမ်းအားထုတ်မှုပါ ပိုပြီးလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ စားပွဲပေါ်မှာတင်ရနိုင်တာမဟုတ်ဘဲ လက်တွေ့ဘဝထဲရောက်လာအောင် ကျွန်မတို့ ဖော်ဆောင်ဖို့လိုပါတယ်။ မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့သူတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အောင်မြင်မှုရလိမ့်မယ်လို့ ကျွန်မ အကြွင်းမဲ့ယုံကြည်ပါတယ်။

**မေး။ ဗီယက်နမ်နိုင်ငံဟာ ၁၉၈၆ ခုနှစ်ကစပြီး ဈေးကွက်စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲမှုနဲ့တူတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတကာဈေးကွက်ထဲ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံဟာလည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ဖော်ဆောင်လျက်ရှိပါတယ်။ အဲဒီအပေါ် အဆွေတော်ရဲ့ အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ဗီယက်နမ်နိုင်ငံမှာ ဒွိုင်မွိုင်လို့ခေါ်တဲ့ အသစ်ပြုပြင်တည်ဆောက်ခြင်း (Renovation) အကြောင်းနဲ့ ပတ်သက်ပြီးပြောရရင် အခုမြန်မာနိုင်ငံရဲ့အနေအထားဟာ ကျွန်မတို့ ၁၉၈၀ ခုနှစ်များက စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခဲ့တဲ့ အချိန်နဲ့ တစ်ထပ်တည်းပါပဲ။ နိုင်ငံပိုင်စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲခဲ့တဲ့ ကျွန်မတို့ရဲ့အတွေ့အကြုံတွေကို မျှဝေပေးနိုင်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို အချိန်ကြာမြင့်စွာ ကျင့်သုံးလာပြီဖြစ်တဲ့အတွက် ဗီယက်နမ်နဲ့ကွဲပြားမှုအချို့ ရှိနေပါတယ်။ ထို့အတူပဲ ဗီယက်နမ်နဲ့ မြန်မာတို့ဟာ နိုင်ငံရေးစနစ် ကွဲပြားကြပါတယ်။ ပြုပြင်ပြောင်းလဲမှုနဲ့အတူ နိုင်ငံတကာအသိုက်အဝန်းထဲ ဝင်ရောက်လာချိန်မှာ မြန်မာနိုင်ငံရဲ့ လူမှုရေးနဲ့ စီးပွားရေးစီမံခန့်ခွဲမှုမှာ အများအပြားတိုးတက်မြင့်မားလာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ဟာ မြန်မာနိုင်ငံကနေလည်း သင်ယူနိုင်ပါတယ်။

**မေး။ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုလိုကိစ္စတွေ ကိုင်တွယ်ရာမှာ ကျေးဇူးပြုပြီး သံအမတ်ကြီးရဲ့ အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

ဖြေ။ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုနဲ့ ရာဇဝတ်မှုတွေက အခုအချိန်မှာ ကမ္ဘာအနှံ့ဖြစ်ပွားနေတဲ့ကိစ္စတွေလို့ ကျွန်မထင်ပါတယ်။ ဘယ်တိုင်းပြည်ကမှ ဒီကိစ္စတွေကို သူတို့ဘာသာသူတို့ မကိုင်တွယ်နိုင်လို့ ကျွန်မတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဗီယက်နမ်နိုင်ငံက အိမ်နီးချင်းတိုင်းပြည်တွေ၊ အခြားအာဆီယံတိုင်းပြည်တွေနဲ့ များစွာပူးပေါင်းဆောင်ရွက်ပါတယ်။ ဗီယက်နမ်နိုင်ငံအနေနဲ့ တရုတ်၊ လာအို၊ ထိုင်းနဲ့ ကမ္ဘောဒီးယားအပြင် ယခုအခါမှာ မြန်မာနိုင်ငံနဲ့လည်း အလွန်နီးကပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုရှိပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ နိုင်ငံဖြတ်ကျော်နဲ့ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု တိုက်ဖျက်ရေးဆိုင်ရာ ဗီယက်နမ်နဲ့မြန်မာနှစ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတွေကြား နှစ်စဉ်ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့လို့ဖြစ်ပါတယ်။ ဗီယက်နမ်နဲ့မြန်မာနိုင်ငံတို့အနေနဲ့ အချင်းချင်းဆွေးနွေးမှုပြုလုပ်သင့်ပြီး ဒီနယ်ပယ်မှာ ပိုပြီးပူးပေါင်းဆောင်ရွက်ဖို့ မူဘောင်ချမှတ်သင့်ပါတယ်။

**မေး။ အကြမ်းဖက်ဝါဒက ဒေသတွင်းလုံခြုံရေးအတွက် ကြီးမားတဲ့ခြိမ်းခြောက်မှုတစ်ခုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သံအမတ်ကြီးအနေနဲ့ ပိုပြီးပြည့်ပြည့်စုံစုံ ဆွေးနွေးပေးနိုင်မလား။**

ဖြေ။ အခုအချိန်မှာ အကြမ်းဖက်ဝါဒက ကမ္ဘာတစ်ဝန်း အလွန်စိုးရိမ်ရတဲ့ ပူပန်စရာတစ်ခုဖြစ်ပါတယ်။ မူဆလင်တွေ၊ ဗုဒ္ဓဘာသာဝင်တွေသာမက ဘာသာပေါင်းစုံက ဘာသာရေးအစွန်းရောက်တွေက လူတွေရဲ့ ဘာသာရေးယုံကြည်မှုတွေကို ကောင်းစွာအသုံးချနေပြီး သူတို့က လူတွေရဲ့အသက်ကို ခြိမ်းခြောက်နေပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူအားလုံးနဲ့ အဖွဲ့အစည်းအားလုံး လက်တွဲဆောင်ရွက်ဖို့လိုအပ်ပါတယ်။ နေ့တိုင်း၊ နေရာတိုင်း ဆောင်ရွက်ဖို့ ကျွန်မတို့ လိုအပ်ပါတယ်။ တန်ပြန်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးမှာ အရေးကြီးဆုံးအချက်က နိုင်ငံတွေကြား ဥဒေရေးရာစနစ်တွေအရ ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်လို့ ကျွန်မထင်ပါတယ်။ ဒုတိယအရေးကြီးဆုံးအချက်က ရာဇဝတ်မှုတွေနဲ့ အကြမ်းဖက်ဝါဒကို ကိုင်တွယ်ရာမှာ တပ်ဖွဲ့တွေကြား ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်မတို့ လိုအပ်ပါတယ်။ ဥပမာ-ကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ ဒါပေမဲ့ ပိုပြီးအရေးကြီးတာကတော့ ဘယ်အချိန်မဆို၊ ဘယ်နေရာမှာမဆို ဘာသာရေးအရ ခွဲခြားဆက်ဆံတဲ့ပုံစံ မရှိသင့်ဘူးလို့ ကျွန်မထင်ပါတယ်။ ဘာသာရေးယုံကြည်မှုက လူတွေနဲ့ဆိုင်တဲ့အတွက် ကမ္ဘာပေါ်က ပြည်သူတွေအားလုံးအတွက် တရားမျှတမှု၊ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိစေမယ့် ဘာသာရေးတန်ဖိုးတွေကို နားလည်သဘောပေါက်ဖို့ ကျွန်မတို့လူတွေကို ပညာပေးဖို့လိုအပ်ပါတယ်။

**မေး။ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေး အထူးသဖြင့် ပြည်ပတင်ပို့ဖို့ ရော်ဘာ၊ ကော်ဖီနဲ့ငရုတ်ကောင်းစိုက်ပျိုးရေးမှာ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေရှိတယ်လို့ သိရပါတယ်။ ဒီနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်လို့ သံအမတ်ကြီးအနေနဲ့ ပိုပြီး ပြောပြပေးနိုင်မလား။**

ဖြေ။ အစဉ်အလာချစ်ကြည်ရင်းနှီးမှုသာမက မိတ်ဖက်ဆက်ဆံရေးမှာပါနှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်ဖို့ ကျွန်မတို့လိုအပ်ပါတယ်။ ဒီလိုအရှိန်မြှင့်တင်ဖို့ လက်ရှိ ရှိပြီးသားနည်းလမ်းတွေအားလုံးကို ကောင်းကောင်းအသုံးချသင့်တယ်လို့ ကျွန်မထင်ပါတယ်။ နိုင်ငံရေးနဲ့ ပြည်သူ့လုံခြုံရေး၊ ကုန်သွယ်မှုအစရှိတဲ့ နယ်ပယ်တွေမှာ ပုံမှန်ပြုလုပ်နေကျ ဆွေးနွေးပွဲမျိုးတွေ ကျွန်မတို့လုပ်ဆောင်ခဲ့ပြီးဖြစ်ပေမယ့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ လယ်ယာထုတ်ကုန်တွေ၊ သိပ္ပံနည်းကျနည်းပညာတွေ၊ သက်မွေးဝမ်းကျောင်းသင်တန်းနဲ့ ပြည်သူ့ကျန်းမာရေးနယ်ပယ်တွေမှာ နည်းလမ်းတွေ ပိုမိုရှာဖွေဖို့ ကျွန်မတို့ လိုအပ်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နောက်ထပ်နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးမှာဖြစ်ပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေမှာ နောက်ထပ်ပူးတွဲကော်မတီတွေလည်း ကျွန်မတို့ လိုအပ်ပါတယ်။

အခြား ဆောင်ရွက်ရမယ့်အရာကတော့ ကျွန်မတို့အနေနဲ့ ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံဖို့ ဆောင်ရွက်သင့်သလို လူငယ်မျိုးဆက်သစ်တွေကြား အပြန်အလှန်လည်ပတ်မှုတွေ လုပ်ဆောင်သင့်ပါတယ်။ ဒီလိုနည်းလမ်းနဲ့နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုက စာရွက်တွေနဲ့ သဘောတူညီချက်တွေပေါ်မှာသာမက လက်တွေ့မှာလည်း အမှန်တကယ်တိုးတက်လာပါလိမ့်မယ်။

**မေး။ ယခုနှစ် ဩဂုတ်လအတွင်းမှာ အာဆီယံအဖွဲ့ကြီးက နှစ်(၅၀) ပြည့်နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပတော့မှာဖြစ်လို့ ဒေသတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအပေါ် အာဆီယံအဖွဲ့ကြီး စည်းလုံးညီညွတ်ရေးအတွက် သံအမတ်ကြီးရဲ့လှုံ့ဆော်အားပေးမှုက ဘာဖြစ်မလဲ။**

ဖြေ။ အာဆီယံအဖွဲ့ကြီး စတင်တည်ထောင်ချိန်ကတည်းက အာဆီယံအဖွဲ့ကြား စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်လို့ မတူကွဲပြားမှုတွေကြား စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ဆွေးနွေးနေခဲ့ကြတာဖြစ်ပါတယ်။ ဆိုလိုတာကတော့ အာဆီယံအဖွဲ့ကြီးသည် မတူကွဲပြားမှုများစွာရှိသော တိုင်းပြည်များနှင့်ဖွဲ့စည်းထားတဲ့ အုပ်စုတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ အားလုံးရဲ့ ကြိုးပမ်းမှုအားလုံးနဲ့ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖို့ ကျွန်မတို့ လိုအပ်ပါတယ်။ အာဆီယံအဖွဲ့ကြီး စည်းလုံးညီညွတ်ရေးအတွက် မြန်မာနဲ့ဗီယက်နမ်နှစ်နိုင်ငံက များစွာလုပ်ဆောင်ခဲ့တယ်လို့ ကျွန်မထင်ပါတယ်။ အာဆီယံအဖွဲ့ကြီးရဲ့ အခြေခံစည်းမျဉ်းတွေအတွက် ကျွန်မတို့အမြဲတမ်း ကြိုးပမ်းအားထုတ်နေပါတယ်။ ကျွန်မတို့ အာဆီယံအဖွဲ့ကြား စီမံကိန်းတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလုပ်ဆောင်ခဲ့ပါတယ်။ ကျွန်မတို့နှစ်နိုင်ငံက ကျွန်မတို့ရဲ့ကြိုးပမ်းမှုတွေကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ယခုအခါ အာဆီယံဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေသစ်မှာ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံက ဒေသတစ်ဝန်း နယ်ပယ်များစွာမှာ ဥပမာ တန်ပြန်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနဲ့ ဒေသတွင်းပတ်ဝန်းကျင်ညစ်ညမ်းမှုတိုက်ဖျက်ရေးမှာ ကျွန်မတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားမှာဖြစ်ပါတယ်။

**မေး။ အကြမ်းဖက်ဝါဒနဲ့ပတ်သက်လို့ ဘာသာရေးအရ ခွဲခြားဆက်ဆံမှုပြုလုပ်နေတယ်လို့ ပြင်ပမီဒီယာတွေက မြန်မာနိုင်ငံကို စွပ်စွဲဖို့ ကြိုးပမ်းနေကြပါတယ်။ မြန်မာနိုင်ငံမှာ အခြေစိုက်တဲ့ သံအမတ်ကြီးတစ်ဦးအနေနဲ့ ဒီလိုဝေဖန်မှုတွေနဲ့ပတ်သက်ပြီး သံအမတ်ကြီးရဲ့ ထင်မြင်ချက်က ဘာဖြစ်မလဲ။**

ဖြေ။ မြန်မာနိုင်ငံမှာ ဘာသာရေးနဲ့ပတ်သက်လို့ ခွဲခြားဆက်ဆံမှုရှိတယ်ဆိုတဲ့ ဝေဖန်မှုတွေရှိခဲ့ပေမယ့် ကျွန်မကိုယ်တိုင်ကတော့ ဒီလိုဘာသာရေးနဲ့ပတ်သက်တဲ့ ခွဲခြားဆက်ဆံမှုကို မတွေ့ဖူးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်တစ်ခုမှာ ဘာသာဝင်အမျိုးမျိုး အတူတကွယှဉ်တွဲနေထိုင်တာကို ကျွန်မတို့ ရန်ကုန်မှာ မြင်တွေ့နိုင်ပါတယ်။ သူတို့က တန်းတူညီမျှ တန်ဖိုးတွေကို မျှဝေကြပါတယ်။ ဒါပေမဲ့ ဝေဖန်မှုတွေရှိခဲ့လို့ အစိုးရ၊ ပြည်သူနဲ့ လူမှုအဖွဲ့အစည်းတွေက ဒီပြဿနာတွေကို ဖြေရှင်းဖို့ ပိုပြီးလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ကိစ္စအချို့မှာ ဥပဒေပိုင်းရေးရာစနစ်တွေနဲ့ လူမှုရေးဆိုင်ရာမူဝါဒတွေက အရေးကြီးဆုံးလို့ ကျွန်မထင်ပါတယ်။ ။

ဘာသာပြန်-သာစိန်၊ ကျော်ထိုက်စိုး

# လွှတ်တော်ရေးရာ

## ✻ ကုလအထူးအစီရင်ခံစာတင်သွင်းသူမှ

အစည်းအဝေးတွင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၏ **သမဝါယမအသင်းပိုင် အဆောက်အအုံများ၊ မြေနေရာများကို မည်ကဲ့သို့စီမံခန့်ခွဲပြီး အသင်းသားများနှင့် နိုင်ငံတော်က မည်သည့်အကျိုးအမြတ်များ ရရှိနေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြည်မြို့နယ် သမဝါယမ အသင်းကို ၁၉၉၂ ခုနှစ်တွင် အသင်းစည်းမျဉ်းဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့ပြီး အသင်းသား ၂၇၈၂၅ ဦး၊ အစုတန်ဖိုးငွေကျပ် ၁၆၆ ဒသမ ၉၅ သန်း၊ စုဆောင်းငွေကျပ် ၆၈၃ ဒသမ ၃၈ သန်းနှင့် လှည့်လည်ငွေရင်း ငွေကျပ် ၄၀၆၄ ဒသမ ၁၇ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သမဝါယမအသင်း၏ အသင်းပိုင်အဆောက်အအုံများ၊ မြေနေရာများအပါအဝင် စီးပွားရေးလုပ်ငန်းများ၊ အသင်း၏ကိစ္စရပ်များ စီမံခန့်ခွဲခြင်းတို့ကို အသင်းဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်၊ သမဝါယမအသင်း၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သော အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှ အသင်းသားများ၏ သဘောတူညီချက်ဖြင့် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းသားအကျိုးဝေစုအတွက် နှစ်စဉ်ဘဏ္ဍာနှစ် ကုန်ဆုံးပြီး ကျင်းပသည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ အစုရှယ်ယာထည့်ဝင်ထားသော သမဝါယမအသင်းသားများသို့ အကျိုးအမြတ်ထုတ်ပေးခြင်းနှင့် အစုပေါ်အမြတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆော မဲဆန္ဒနယ်မှ ဦးကျော်တင်၏ **ငှက်ချောင်ကျေးရွာအုပ်စုရှိ သာဂေါင်းရေသွယ်မြောင်းနှင့် ရေသွယ်လျှောက်ခေါင်းတို့အား ရေရှည်ခိုင်ခံ့မည့် ကျောက်ရိုးကွန်ကရစ်မြောင်းပေါင်နှင့် ကွန်ကရစ်ရေသွယ်လျှောက်ခေါင်းတို့ကို အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သာဂေါင်းရေသွယ်မြောင်းတွင် အလျားပေ ၅၀၀ ခန့်အား ကျောက်စီကွန်ကရစ် မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ကျောက်ကွဲရေတံလျှောက် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ရန်ပုံငွေကို မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ မူလရန်ပုံငွေတွင် ထည့်သွင်း တောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေအပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆော့လော် မဲဆန္ဒနယ်မှ ဦးလာမာလေး၏ **မြို့မရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်းအရှည်ပေ(၅၂၈၀) အကျယ်(၁၄)ပေလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆော့လော်မြို့နယ် မြို့မရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း မြို့မရပ်ကွက်မှ ဒင်တန်ရွာသို့သွားသည့် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ရန်ပုံငွေကျပ် ၁၅ ဒသမ ၇၈၆ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆော့လော်မြို့တွင်း လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေကျပ် ၁၁၅ ဒသမ ၈၂၅ သန်း ကုန်ကျမည်ဖြစ်ပြီး လာမည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားရေးဆွဲပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်နှင့် ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးမျိုးညွန့် တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း"**အား လွှတ်တော်မှ လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ မြင်းမူ မဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်းက ထောက်ခံဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ယင်းနောက် အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **"၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ရွှေကူ မဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး မြင့်မောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်မိုးနှင့် ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်တို့က ထောက်ခံဆွေးနွေးကြသည်။

**တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်**က ရခိုင်ပြည်နယ်အရေးတွင် အနာဂတ်လူငယ်များ အရေးအတွက် ပိုမိုစိတ်ပူပန်မိပါကြောင်း၊ ပဋိပက္ခဖြစ်စဉ်များကို အခွင့်ကောင်းယူပြီး မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ချိမှုနှင့် လူကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိ၍ လူငယ်များသည် အလုပ်အကိုင်ရှားပါးမှုကြောင့် ရွှေ့ပြောင်းလုပ်သားများအဖြစ်ကို ရောက်ရှိနေရပါကြောင်း၊ ယခုမြေပြင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို အစီရင်ခံစာတွင် ပြည့်စုံစွာဖော်ပြနိုင်မှသာ နိုင်ငံတကာမှလည်း ရခိုင်ပြည်နယ်အား ကူညီနိုင်မည်ဖြစ်ပါကြောင်း၊ အထူးကိုယ်စားလှယ် မစ္စယန်ဟီလီ အနေဖြင့် အစီရင်ခံစာတွင် ပကတိအခြေအနေမှန်များကို ပြည့်စုံစွာထည့်သွင်းတင်ပြမှသာ ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံအေးချမ်းဖွံ့ဖြိုးတိုးတက်မှုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ နည်းမှန်၊ လမ်းမှန် ကူညီနိုင်မည်ဖြစ်သည့်အတွက် အရေးကြီးအဆိုကို ထောက်ခံရခြင်းဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြင့်မောင်**က မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မျက်ကွယ်ပြုပြီး မိမိတို့နိုင်ငံအား ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားရန် တစ်ဖက်သတ်အမြင်ဖြင့် မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်မှုသည် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အနာဂတ်တွင် နိုင်ငံတကာမှ ဖိအားများ ဖြစ်ပေါ်လာမည့် အခြေအနေများအရ တိုင်းရင်းသားများအနေဖြင့် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် တုံ့ပြန်သွားရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်အတွင်း ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအတွက် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်သင့်ပါကြောင်းနှင့် အရေးကြီးအဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

အရေးကြီးအဆို နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အဆိုအား ကြိုဆို ထောက်ခံကြောင်း ဆွေးနွေးပြောကြားပြီး လွှတ်တော်က အဆိုအား တညီတညွတ်တည်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

## ❖ တရားမျှတသည့်မှ

ယခု ဆက်သွယ်ရေးဥပဒေသည်နည်းပညာနှင့် လိုင်စင်စီကိစ္စနှင့်သာ သက်ဆိုင် ပြဋ္ဌာန်းသည့် ဥပဒေဖြစ်ပါကြောင်း၊ ဥပဒေတွင် ပုဒ်မပေါင်း ၈၉ ခုပါရှိပြီး ပုဒ်မ ၆၆ တစ်ခုတည်းသာ လူမှုကျင့်ဝတ်ဖောက်ဖျက်သည့်ပုဒ်မအဖြစ် ကြားညှပ်ပါနေသည့်အတွက် ယင်းပုဒ်မကို ပယ်ဖျက်ရန်လိုအပ်ပါကြောင်း။

လွှတ်တော်အနေဖြင့် တရားမျှတသည့် ဥပဒေများကိုပြဋ္ဌာန်းပေးရန် လိုအပ်သကဲ့သို့ နိုင်ငံရေး၊ လုံခြုံရေးအခြေအနေအပေါ် အမှီမပြုဘဲ ဥပဒေ၏ ပင်ကိုသဘောနှင့် တရားမျှတစွာပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ အစိုးရကို မျက်နှာမမူဘဲ ပြည်သူ့အရေးနှင့် ဒီမိုကရေစီအရေးကို မျက်နှာမူရန်လိုအပ်ပါ ကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်က ဆက်သွယ်ရေးဥပဒေ အာဏာသက်ရောက်သည့် ၂၀၁၃ ခုနှစ်မှစတင်ပြီး ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခဲ့သည့်အမှုပေါင်း ၇၆ မှုရှိပြီဖြစ်ကြောင်း၊ အမှုအားလုံးမှာ အသရေဖျက်မှုဖြင့် စွဲဆိုခံရမှုများဖြစ်ပါကြောင်း၊ ယခုဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် မီဒီယာလောကတစ်ခုလုံးနှင့် အဖွဲ့အစည်း အသီးသီးက ဆန့်ကျင်ဝေဖန်နေသည့် ပုဒ်မ ၆၆(ဃ)ကို လုံးဝဖျက်သိမ်းခြင်းမပြုဘဲ အနိုင့်အထက်ပြုခြင်း၊ မတရားတားဆီးကာကွယ်ခြင်းနှင့် မလျော်ဩဇာသုံးခြင်း ဆိုသည့် စကားရပ်များကို ဖယ်ရှားထားသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် ဥပဒေမူကြမ်းပါ ပြင်ဆင်ချက်တွင် ပုဒ်မ ၆၆(ဃ)ပါ ပြစ်မှုများကို ပုဒ်မ ၈၀(ဂ) အရ အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်ချက်ပါရှိသော်လည်း အာမခံ ရ၊ မရ မသေချာဘဲ ရှိနေပါကြောင်း၊ တရားသူကြီး၏ ဆင်ခြင်တုံတရားအရ အာမခံ ပေး၊ မပေးကို ဆုံးဖြတ်သည့်အတွက် အာမခံပေးရာတွင် ဥပဒေအရ တစ်သမတ်တည်းမရှိဘဲ အကြောင်းအကျိုး ညီညွတ်မှုမရှိသည်ကို တွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ လျှောက်လှမ်းနေစဉ်တွင် ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို တစ်စတစ်စ ပျောက်ကွယ်သွားအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေးဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေတို့က ဆွေးနွေးကြသည်။

ထို့ပြင် အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာဝင်းမြင့်၏ **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် သာယာဝတီခရိုင် မင်းလှမြို့နယ် အောင်တံခွန်အားကစားကွင်း အဆင့်မြှင့်တင်ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါအောင်ခဲ့သည့် ကုမ္ပဏီ အနေဖြင့် စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံခြင်းမရှိသေးခြင်း အပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မင်းလှမြို့နယ် အောင်တံခွန်အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် တင်ဒါအောင်ခဲ့သည့် ပြည်ကြီးအောင် ကုမ္ပဏီအနေဖြင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၅၀၀ ဖြင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းဆောင် ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့် ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ပါကြောင်း၊ အဆိုပါ အားကစားကွင်းတည်ဆောက်ရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးသည့်နေ့တွင် ကုမ္ပဏီနှင့် မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီတို့တွေ့ဆုံ၍ လုပ်ငန်းလွှဲပြောင်းရန် ချိန်းဆိုဆောင်ရွက်ခဲ့သော်လည်း ကုမ္ပဏီဘက်မှ နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ခြင်း၊ မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ပြောင်းရွှေ့သွားခြင်း၊ ကော်မတီအဖွဲ့ဝင်တချို့ ဆေးကုသမှုဖြင့် ခရီးလွန်နေခြင်းတို့ကြောင့် မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းလွှဲပြောင်းခြင်းမပြုလုပ်နိုင်ဘဲ လုပ်ငန်းပြီးစီးမှုကိုသာ မင်းလှမြို့နယ် အားကစားမှူးက တင်ပြဆောင်ရွက်ခဲ့ရပါကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် စာရင်းစစ်အဖွဲ့တို့က လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကို စစ်ဆေးခဲ့ရာ လုပ်ငန်းအရည်အသွေး မပြည့်မီသည့်အပြင် ဒေသစျေးနှုန်းနှင့် ကွာခြားနေသည့်အတွက် ပြည်ကြီးအောင် ကုမ္ပဏီကို နိုင်ငံတော်သို့ လျော်ကြေးငွေကျပ်သိန်း ၃၀ ပြန်လည်ပေးသွင်းစေခဲ့ပါကြောင်း၊ ကုမ္ပဏီကို အမည်ပျက်စာရင်း ထည့်သွင်းခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၏ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အလျားပေ ၉၀၊ အနံပေ ၈၀ ကျေးရွာပိုင် ဘောလုံးကွင်းများဖော်ဆောင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးရွာပိုင်ဘောလုံးကွင်းများဖော်ထုတ်ပေးရန် တင်ပြလျှောက်ထားလာပါက သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးမှ စိစစ်ထောက်ခံလျက် ကျေးရွာပိုင်ဘောလုံးကွင်းအဖြစ် အသုံးပြုခွင့်ရရှိရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အားကစားပစ္စည်းများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ်ဆန္ဒနယ် အမှတ် (၁၁)မှ ဦးလှမြင့်နှင့် မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ **ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ Toll Gate နှစ်ခုဖြစ်သော Max(မြန်မာ) ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားဖြတ်သန်းခများ တစ်ပြိုင်တည်း ကောက်ခံနေခြင်းအပေါ် ခရီးသွားပြည်သူများ အခကြေးငွေ သက်သာစေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။ ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို လည်းကောင်း၊ အမျိုးသားလွှတ်တော် တောင်သူ လယ်သမားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တောင်သူ လယ်သမားရေးရာကော်မတီဝင် ဦးသက်နိုင်စိုးက လည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြသည်။

ဥပဒေကြမ်း၊ အစီအရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

## ✻ ရှေ့ဖုံးမှ

ယန်းသန်း ၁၅၀၀ တန်ဖိုးရှိ ရေယာဉ်သုံးစင်း အထောက် အပံ့ရရှိခဲ့သည်။

ရေယာဉ်သုံးစင်းမှ ကစ္ဆပနဒီ-၁ အမည်ရှိ ခရီးသည်တင်ရေယာဉ်အား ပြီးခဲ့သည့် မတ် ၂၉ ရက်က ပထမဆုံး တရားဝင်လွှဲပြောင်းလက်ခံရယူကာ ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများအတွက် ခရီးသည်တင်သီးသန့် အမြန်ရေယာဉ်အဖြစ် ပြေးဆွဲလျက်ရှိပြီး ယခုရောက်ရှိမည့် ကစ္ဆပနဒီ-၂ အမည်ရှိ ခရီးသည်တင် အမြန်ရေယာဉ်အား ရခိုင်ပြည်နယ်အတွင်း ရေကြောင်းပို့ဆောင်ရေးအတွက် တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ကစ္ဆပနဒီ-၂ အမည်ရှိ ခရီးသည်တင် အမြန်ရေယာဉ်အား ဂျပန်နိုင်ငံ KOBE ဆိပ်ကမ်းမှ ရေယာဉ်တင်သင်္ဘော MV ISE ဖြင့် သယ်ဆောင်လာခြင်းဖြစ်ပြီး အဆိုပါ ကစ္ဆပနဒီ-၂ ရေယာဉ်သည် ခရီးသည် ၈၁ ဦး သယ်ဆောင်နိုင်ကာ တစ်နာရီ ရေမိုင် ၂၅ မိုင်နှုန်း မောင်းနှင်နိုင်သော အလူမီနီယံ ကိုယ်ထည်ဖြင့် တည်ဆောက်ထားသော ရေယာဉ် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံ၌ အသစ်တည်ဆောက်လျက်ရှိသည့် ကစ္ဆပနဒီ-၃ အမည်ရှိ ရေယာဉ်ကို လာမည့်နှစ် နှစ်ကုန်ပိုင်းတွင် ဂျပန်နိုင်ငံမှ လွှဲပြောင်းလက်ခံသွားမည်ဖြစ်ကြောင်း သိရပြီး အဆိုပါရေယာဉ် ရောက်ရှိပါက ရခိုင်ပြည်နယ်၌ပင် တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 2009) ဖြစ်ပွားမှုနှင့်ပတ်သက်၍ အထူးဦးစားပေးပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ရန်ကုန်မြို့ပြည်သူ့ဆေးရုံကြီးနှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ တက်ရောက်ကုသနေသော လူနာသုံးဦး၏အခြေအနေမှာ တိုးတက်ကောင်းမွန်လာကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသနေသည့် သံသယ ရာသီတုပ်ကွေးရောဂါလူနာ ၁၂ ဦးထံမှ နှာခေါင်းတို့ဖတ် (Nasopharyngeal Swab)ရယူပြီး အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲမှုဆိုင်ရာဗဟိုဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ယနေ့ရရှိသော ဓာတ်ခွဲစစ်ဆေးချက်အဖြေများအရ လူနာသုံးဦးတွင် Seasonal Influenza A (H1N1) pdm 2009-Positive ဖြစ်ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

အဆိုပါ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၂ ဦးအနက် အသက်(၂၅)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ဇူလိုင် ၂၁ ရက် ည ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ စတင်ဆေးရုံတက်ရောက်ကုသခဲ့ပြီး ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါရောဂါဖြင့် သေဆုံးခဲ့ကြောင်းနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် အသက်(၂၉)နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် တက်ရောက်ခဲ့ရာ ရောဂါပြင်းထန်သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မွန်းတည့် ၁၂ နာရီတွင် လွှဲပြောင်းခဲ့ပြီး မွန်းလွဲပိုင်းတွင် အဆိုပါရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 2009)ဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖြစ်ပွားသူအားလုံးတွင် သေဆုံးမှုနှုန်းမှာ ၀ ဒသမ ၀၂ ရာခိုင်နှုန်းခန့်သာ ရှိသော်လည်း ရောဂါပြင်းထန်၍ ဆေးရုံတက်ရောက်ကုသမှုခံယူရသူများတွင် ၄ ဒသမ ၅၅ ရာခိုင်နှုန်းခန့်ရှိကြောင်း အမေရိကန် CDC မှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရသိရသဖြင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ကြောင့်ကြစရာမလိုကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေ့စဉ်ထုတ် သတင်းစာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် Myanmar CDC Facebook စာမျက်နှာများတွင် ထုတ်ပြန်ထားရှိသော ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားကြရန်၊ တုပ်ကွေးဆန်သော ရောဂါလက္ခဏာများဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ကုသမှုခံယူရန် လိုအပ်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ပြည်သူ့အလုပ်သမားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ်(၁၁၄၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အလုပ်သမားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၇-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

**ပြည်သူ့အလုပ်သမားပါတီ၏ အလံပုံစံ**




**ပြည်သူ့အလုပ်သမားပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမြန်လမ်း၌ယာဉ်တိုက်မှု တစ်နေ့တည်း ငါးကြိမ်ဖြစ်

**အုတ်တွင်း ဇူလိုင် ၂၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဇူလိုင် ၂၄ ရက် ညပိုင်းနှင့် ၂၅ ရက် နံနက်ပိုင်းတွင် ယာဉ်မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ ဇူလိုင် ၂၄ ရက် ည ၁၀ နာရီခန့်က ဇောဓိကုန်းအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်(၁၂၈/၃)အနီးတွင် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းစိုးသန်း(၃၅)နှစ် တပ်ကုန်းမြို့နယ်နေသူမောင်းနှင်းလာသော ခြောက်ဘီးအဖြူရောင် 3L/---- ယာဉ်မှာ ပြောင်းဖူးအိတ်များတင်ဆောင်မောင်းနှင်လာစဉ် လမ်းလယ်ကပ်တုံးကိုတိုက်မိကာ တိမ်းမှောက်ခဲ့သည်။ အလားတူ ဇူလိုင် ၂၅ ရက် နံနက် ၄ နာရီခွဲခန့်က ဖြူး အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် (၁၁၄/၃)အနီးတွင် ယာဉ်မောင်း သူရိန်ထွန်း(၂၄)နှစ် လှိုင်မြို့နယ်နေသူမောင်းနှင်လာသော ယာဉ်အမှတ် 9L/---- CALDINAအဖြူရောင်ယာဉ်မှာ ရှေ့ဘီးပေါက်ကာ လမ်းလယ်ကပ်တုံးကို တိုက်မိပြီး ရေမြောင်းထဲသို့ကျခဲ့ကြောင်း သိရသည်။



ဇူလိုင် ၂၅ ရက် နံနက် ၃ နာရီခွဲခန့်က မြို့ချောင်းအမြန်လမ်းရဲစခန်းအပိုင်မိုင်တိုင် (၁၀၀/၂)အနီးတွင် နေပြည်တော်ဘက်မှ ယာဉ်မောင်း ကျော်နိုင်(၅၈)နှစ် မြစ်သားမြို့နယ်နေသူမောင်းနှင်လာသော ယာဉ်အမှတ် 1M/---- ခြောက်ဘီးကုန်တင်ယာဉ်သည် ငါးရှဉ့်ပုံးများတင်ဆောင်မောင်းနှင်လာစဉ် ယာဉ်မောင်းအိပ်ငိုက်ကာ လမ်းလယ်ကပ်တုံးကို ဝင်တိုက်မိခဲ့ကြောင်း သိရသည်။ ယင်းနေ့နံနက် ၈ နာရီခန့်ကလည်း စကားအင်း အမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၃၅၇/၄)အနီးတွင် နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အောင်ကျော်မင်း(၃၂)နှစ် ပျော်ဘွယ်မြို့နေသူ မောင်းနှင်လာသောယာဉ်အမှတ် 8K/---- ခြောက်ဘီးကုန်တင်ယာဉ်သည် ငါးများတင်ဆောင်၍မောင်းနှင်လာစဉ် နောက်ဘီးပေါက်ကာ လမ်းပေါ်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အလားတူ ယင်းနေ့နံနက် ၉ နာရီ ၂၅ မိနစ်ခန့်က သီးကုန်းအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၂၈၆/၇)အနီးတွင်အမြန်လမ်းကို ဖြတ်ကူးမောင်းနှင်လာသော ကျော်သက်(၂၈)နှစ် အိုမတွေ့ကျေးရွာ မိတ္ထီလာမြို့နယ်နေသူ မောင်းနှင်လာသော LUOJIA နံပါတ်မပါ ဆိုင်ကယ်ကို မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း လီယူချွန်(၃၅)နှစ် ရဲမာန်အောင်ရပ်ကွက် မန္တလေးမြို့နေသူမောင်းလာသော 3F/---- TOYOTA HIGLANDER မီးခိုးရောင်ယာဉ်ဖြင့်တိုက်မိကာ ဆိုင်ကယ်နှင့်အတူ လွင့်ပါတိမ်းမှောက်ခဲ့ပြီး လမ်းဘေးရှိ ကာရံထားသော သံဆန်ခါကိုဝင်တိုက်မိခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူလေးဦးအနက် ယာဉ်မောင်းပါနှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်မောင်းသူမှာ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ်ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**




# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ စတင်ကျရောက်ဖြစ်ပွားခဲ့ရာ ၂၀၁၆ ခုနှစ်ထိ စုစုပေါင်း(၈)ကြိမ် ကျရောက်ဖြစ်ပွားခဲ့ပြီးဖြစ်ပါသည်။

၂။ (၁၆-၇-၂၀၁၇) ရက်မှစ၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်ကွက်ရှိကြက်မွေးမြူရေးခြံတွင် ကြက်များစတင်သေဆုံးခဲ့သောကြောင့် ရောဂါနမူနာပစ္စည်းများကို ရန်ကုန်မြို့၊ တိရစ္ဆာန်ရောဂါရှာဖွေစစ်ဆေးရေးဓာတ်ခွဲခန်းတွင် မော်လီကျူလာနည်း (RT-PCR & Real Time PCR) ဖြင့်စစ်ဆေးခဲ့ရာ Influenza Type A Positive ၊ H5 Positive၊ N1 Positiveဖြစ်ကြောင်းကို (၂၃-၇-၂၀၁၇) ရက်တွင်အတည်ပြုနိုင်ခဲ့ပြီး ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ ကနဦးသတင်းပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၃။ ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်တိရစ္ဆာန်များ ရှင်းလင်းဖယ်ရှားခြင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဦးစီးဌာနမှပညာရှင်များ၊ ဒေသဆိုင်ရာ ကူးစက်ရောဂါထိန်းချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ပါ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၄။ အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များရှိကြက်၊ ငှက်များတွင်သာမက လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန်အတွက် အောက်ပါအချက်အလက်များအား လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ငှက်၊ ဘဲ၊ ငုံးများဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင်ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်းပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကိုကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်၊ ငှက်၊ အသား၊ ဥ စသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ နှစ်ဆင့်ချေးငွေ စတင်ထုတ်ချေးသည့်အခမ်းအနား ကျင်းပ



**ပြည် ဇူလိုင် ၂၅**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးအေဂျင်စီ (JICA) ချေးငွေ အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ နှစ်ဆင့်ချေးငွေ ကို Pilot Project အဖြစ် စတင်ထုတ် ချေးသည့်အခမ်းအနားကို ဇူလိုင်၂၃ ရက် နံနက် ၉ နာရီက ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မိမိတို့ဝန်ကြီးဌာနမှ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားများ တိုးမြှင့်ထုတ်ချေးပေးခဲ့သလို ဂျပန်နှင့် မြန်မာ အစိုးရအချင်းချင်း G to G အနေဖြင့်ပေးသည့် နှစ်ဆင့်ချေး လယ်ယာသုံးစက်ကိရိယာချေးငွေများကို ထုတ်ချေးပေးနိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို JICA မှထုတ်ပေးပြီး လယ်ယာကဏ္ဍ၊ လယ်ယာကို အခြေခံသော စီးပွားရေးကဏ္ဍများအတွက် နှစ်တိုချေးငွေ၊ နှစ်ရှည်ချေးငွေများ ထုတ်ချေးပေးနိုင်ရန်၊ လယ်ယာကဏ္ဍ ခေတ်မီစေရန်၊ ကျေးလက်မြို့ပြ ဟန်ချက်ညီညီ တိုးတက်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

JICA TSL အတွက် ချေးငွေပမာဏမှာ ဂျပန်ယန်း ၁၅၁၃၅ သန်းဖြစ်ပြီး မြန်မာနိုင်ငံတော်အစိုးရမှ ထည့်ဝင်ငွေ ယန်း ၉၃၈ သန်း စုစုပေါင်း ယန်း ၁၆၀၇၃ သန်း ဖြစ်ပြီး မြန်မာကျပ်ငွေနှင့်ဆိုလျှင် ငွေကျပ် ၁၉၅ ဘီလီယံကို တောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကျပ် ၁၀၀ လျှင် တစ်လ ၆၇ ပြားဖြင့် အတိုးနှုန်းချိုသာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက JICA မှ ထောက်ပံ့ပေးသည့် ချေးငွေစီမံကိန်းသည် လယ်ယာကဏ္ဍနှင့် လယ်ယာကိုအခြေခံသော စီးပွားရေးကဏ္ဍအတွက် လိုအပ်သော လယ်ယာသုံးစက်ကိရိယာနှင့် လယ်ယာစီးပွားရေး အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံနိုင်ခွင့်ရရှိမည့် ချေးငွေစီမံကိန်းဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာရောင်းချသော ကုမ္ပဏီများအနေဖြင့်လည်း တောင်သူများ၏ချေးငွေဖြင့် ဝယ်ယူထားသော လယ်ထွန်စက်၊ လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်စသော စက်ပစ္စည်းများအပေါ်တွင် After Sale Service ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လိုအပ်သော အပိုပစ္စည်းများ အလွယ်တကူရရှိနိုင်အောင် ဆောင်ရွက်ပေးရန်နှင့် စက်ကို ကျွမ်းကျင်စွာ အသုံးပြု မောင်းနှင်နိုင်သည်အထိ သင်ကြားပေးရန် ဝန်ဆောင်မှု၊ ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက TSL ချေးငွေနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက TSL ချေးငွေနှင့် ဝယ်ယူခွင့်ရရှိသော လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များနှင့် စာရွက်စာတမ်းများကို တောင်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ဓာတ်အားခွဲရုံများမှ ရပ်ကွက် လေးခုသို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဝေပေးလျက်ရှိ

**မုံရွာ ဇူလိုင် ၂၅**

စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ဓာတ်အားခွဲရုံတွင် လက်ရှိ တည်ဆောက်ထားသော ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာသည် စက်မှုဇုန်ရှိ စက်ရုံများ၊ ရပ်ကွက်နေပြည်သူများ သုံးစွဲမှုများပြားလာသဖြင့် ဓာတ်အား နိုင်နင်းစွာဖြန့်ဝေပေးနိုင်မှုမရှိသဖြင့် လက်ရှိ ထရန်စဖော်မာနေရာတွင် ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေထရန်စဖော်မာအား ပြောင်းလဲတည်ဆောက်ခဲ့ပြီး ရပ်ကွက်လေးခုသို့ ဓာတ်အားလုံလောက်စွာ ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ဓာတ်အားခွဲရုံတွင် ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာအား အဆင့်မြှင့်တင်ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ကျပ် ၅၅၇ သန်းဖြင့် အကုန်အကျခံတည်ဆောက်ပေးခြင်းဖြစ်ပြီး ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီး ယခုလ ၂၃ ရက်တွင် ဓာတ်အား စတင်ဖြန့်ဝေပေးလျက်ရှိသည်။

"လျှပ်စစ်ဓာတ်အားကို အသုံးပြုတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ ရပ်ကွက်နေပြည်သူတွေက များလာတယ်။ နောက်ပြီး သုံးစွဲမှုကလည်း များလာတဲ့အတွက် ပြည့်ဝစွာပေးနိုင်ဖို့အတွက် လိုအပ်တဲ့ ထရန်စဖော်မာတွေကို တိုးချဲ့ တည်ဆောက်ပေးတယ်။ ဓာတ်အားလိုင်း အကာအကွယ်စနစ်တွေ တပ်ဆင်ပေးတာပါ"ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ဓာတ်အားခွဲရုံတွင် လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာအား ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် အစားထိုးတည်ဆောက်ပေးခြင်းနှင့် ဓာတ်အားလိုင်းများအား အကာအကွယ်စနစ်များ တပ်ဆင်ပေးခဲ့ကြောင်းနှင့် ပြောင်းလဲတည်ဆောက်ပေးခဲ့သည့် ထရန်စဖော်မာဖြင့် စစ်ကိုင်းမြို့ရှိ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ရွှေမင်းဝံရပ်ကွက်၊ နီလာရပ်ကွက်နှင့် မြရတနာရပ်ကွက်တို့တွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ဥတ္တရသီရိမြို့နယ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြော

**နေပြည်တော် ဇူလိုင် ၂၅။** ။နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ် ရဲဝင်းလွင်က လူကုန်ကူးမှုအမျိုးအစား၊ ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးသူက ခေါင်းပုံဖြတ်ခြင်းများ၊ လူပွဲစားများကို အသုံးပြုသောနည်းလမ်းများ၊ လူကုန်ကူးခံရခြင်းကြောင့် ရရှိသောဆိုးကျိုးများနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးရမည့်လိုအပ်ချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(ရွှေရဲရင့်)**

ဖတ်စရာ မှတ်စရာ

# အပြစ်ကြွေးကိုဆေးကြောနိုင်ခဲ့ပြီ

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထွက်သွားသည်မှာပင် ကြာလှသေးသည်မဟုတ်။ အောင်မြင်သွားကြသည့်တပည့်များကိုကြည့်၍ ပျော်ရွှင်ကြည်နူးဖြစ်မိသကဲ့သို့ ကျရှုံးသွားကြသူများအတွက်မူ စိတ်မကောင်းဖြစ်မိခဲ့သည်။ သို့သော် ကျရှုံးသွားခြင်းသည် ထာဝရမဟုတ်နိုင်ပါ။ ခေတ္တသာဖြစ်ပါသည်။ အကြောင်းမှာ ထပ်မံကြိုးစား၍ ထပ်မံဖြေဆိုခွင့်ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။ ပြီးလျှင် မိမိ၏အားနည်းချက်များကိုရှာဖွေကာ ပို၍ ဝီရိယစိုက်ထုတ်လိုက်ခြင်းဖြင့် အောင်မြင်နိုင်သည်သာ ဖြစ်သည်။

သို့သော်လည်း လွယ်လွယ်ကူကူနှင့် အရှုံးပေးသူအချို့ကိုတွေ့ရသောအခါ စိတ်အားလျော့မိသည်။ အကြောင်းမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကျရှုံးသွားသည်နှင့် မိမိကိုယ်မိမိ အဆုံးစီရင်သွားသည့် သတင်းအချို့ကို ဖတ်မိသောကြောင့်ဖြစ်သည်။ ထိုသူတို့သည် ဘဝကိုလွယ်လွယ်နှင့် အရှုံးပေးသွားကြသူများပင် ဖြစ်သည်။ တိုတောင်းလှသည့် ဘဝလေးမှာပင် တန်ဖိုးရှိရှိနေမသွားနိုင်သူများပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဘဝကိုအရှုံးမပေးသူများလည်း ရှိသည်။ မည်သည့်ဘဝပေးအခြေအနေပင်ဖြစ်စေ ဒူးမထောက် လက်မမြှောက်သူများလည်းရှိ၏။ ထိုသူများသည် စိတ်သတ္တိရဲရင့်သူများဖြစ်၏။ ထိုသူများကို ဂုဏ်ပြုချီးမြှင့်ရသည့် အခမ်းအနားများပင်ရှိ၏။ ယင်းအခမ်းအနားမှာ အင်းစိန်အကျဉ်းထောင်မှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများနှင့် ဆရာ ဆရာမများ ဂုဏ်ပြုပွဲ အခမ်းအနားပင်ဖြစ်သည်။

စင်စစ် အင်းစိန်အကျဉ်းထောင်တွင် အသက်အရွယ်အရ စာမေးပွဲဝင်ရောက်ဖြေဆိုရန်လိုအပ်သည်ဟုယူဆသော ပြစ်ဒဏ်ကျအကျဉ်းသားများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်တန်းကို ဝင်ရောက်ဖြေဆိုခွင့်ပြုခဲ့ရာ အောင်မြင်သည့် အကျဉ်းသားဦးရေ ၃၀ အထိ ရှိခဲ့သည်။ ယခုနှစ်တွင် ကိုးဦး အောင်မြင်ခဲ့လေ၏။

ယခုကျင်းပသည့် ဂုဏ်ပြုပွဲသည် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကိုသာမက အကျဉ်းထောင်တွင် ကျောင်းအုပ်ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသူ ခြောက်ဦး၊ အဝေးသင်တက္ကသိုလ်အောင်မြင်သူ တစ်ဦးနှင့် အကျဉ်းသားများကို ပညာသင်ကြားပေးနေသည့် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ မူလတန်းအဆင့်တို့မှ ဆရာမ ၃၉ ဦးကိုလည်း အကျဉ်းဦးစီးဌာနအပါအဝင် ပြင်ပအလှူရှင်များကပါ ဂုဏ်ပြုချီးမြှင့်ခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ သင်ကြားပြသမှုတွင် အင်းစိန်မြို့နယ် အထက်တန်းကျောင်းနှင့် အမှတ်(၁၃) အလယ်တန်းကျောင်းမှ ဆရာ ဆရာမများလည်း ပါဝင်သည်ဟု သိရသည်။

ဖော်ပြပါ ဂုဏ်ပြုချီးမြှင့်ပွဲသတင်းမျိုးဖတ်ရသည်မှာ အားတက်စရာကောင်းလှပါသည်။ အထူးသဖြင့် လက်ရှိပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများအတွက် စိတ်ဓာတ်ခွန်အားတက်စေမည့်သတင်းများပင်ဖြစ်သည်။ အတုယူအားကျဖွယ်ပင်ဖြစ်သည်။ ဤသတင်းမျိုးကား ကျောင်းသားကျောင်းသူ လူငယ် လူရွယ်များထံ သယ်ဆောင်သွားရမည့် သတင်းကောင်းများပင်ဖြစ်သည်။

စင်စစ် ယခုစာမေးပွဲအောင်မြင်သွားကြသည့် ကျောင်းသား ကျောင်းသူများမှာ အင်းစိန်အကျဉ်းထောင်တွင် ပြစ်မှုအမျိုးမျိုးဖြင့် အကျဉ်းကျနေသူများသာဖြစ်သည်။ "မည်သူမပြု မိမိမှု" ဆိုသကဲ့သို့ မိမိ၏ မိုက်ပြစ်ဒဏ်ကို မိမိသာခံကြရမည်ဖြစ်၏။ ဤသို့အကျဉ်းသားဘဝရောက်နေချိန်တွင် မိမိတို့၏ ဘဝကို ရေစုန်မျှောလိုက်နေသူများလည်း ရှိ၏။ ဘဝအားမာန်အပြည့်ဖြင့် အမှားကိုမြင်၍ အမှန်ပြင်နိုင်သူများလည်း ရှိ၏။ ယင်းတို့အထဲတွင် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခံရသူများမှာ အချိန်မီကြိုးစားလိုက်သောကြောင့် အောင်မြင်မှုရခဲ့ခြင်းဖြစ်၏။

တစ်နည်းဆိုရလျှင် မိမိတို့၏ပြစ်မှုကြွေးအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ခဲ့ကြသည်။ လေ့လာရမည့် ဘာသာရပ်များကိုလည်း စနစ်တကျ လိုက်နာကြိုးစားခဲ့ကြသည်။ အပြစ်ကြွေးကိုကြိုးစားမှုဖြင့် ဆေးကြောနိုင်ခဲ့ကြသည်။ ဘဝကိုအရှုံးမပေး၊ မိမိလိုချင်သည့်ပန်းတိုင်ရောက်အောင် လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်လုပ်ကိုင်ဖို့သာ လိုပါသည်။ အခြေခံကျောင်းများတွင် လေ့လာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ဘဝကို အရှုံးမပေးဘဲ မိမိတို့၏ရှေ့မှကြိုးစားသွားသည့် ပြယုဂ်ကောင်းများကို ပမာပြုကာ မလျှော့သောစိတ်ဖြင့် ကြိုးစားကြစေချင်ပါသည်။

ကြိုးစားအားထုတ်မှုနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့ မြို့တော်ခန်းမဆောင်အထက်မှ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောခဲ့သည့် မိန့်ခွန်းတွင်-

"ကိုယ်လိုချင်တဲ့ ပန်းတိုင်ရောက်အောင် လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်လုပ်ကိုင်ဖို့လိုတယ်။ ဗမာရဲ့စိတ်ဓာတ်ဟာ ကျွန်တိုင်းပြည်ဖြစ်သည့်အတိုင်း ပုသိမ်ဘက်လှေလှော်ပြိုင်ပွဲတစ်ပွဲမှာ မြင်တွေ့ရသလို လှေတစ်စင်းကို အနည်းငယ်နိုင်လိုက်၍ ပန်းတိုင်သို့မဝင်ရသေးခင် လှော်တက်ကို မြှောက်သလို ဗမာ့စိတ်ဓာတ်ဟာ အောင်မြင်ခြင်းသို့မရောက်ခင် စိတ်ဓာတ်လျှော့ပေါ့တတ်မှုရှိတယ်။ ဒီလိုစိတ်မထားဘဲ ရှုံးရှုံး နိုင်နိုင် မလျှော့တမ်းလုပ်ဖို့ တိတိလင်းလင်း သတိပေးခဲ့မယ်"ဟု ဆိုခဲ့ဖူးလေသည်။

**ခင်မောင်ဌေး(ပညာရေး)**

ပြည်တွင်းရေးရာ

# ထိုင်းနိုင်ငံ C.I ထုတ်ပေးရေးစခန်း(ရနောင်း)တွင် C.I စာအုပ်ပြုလုပ်သူ မြန်မာအလုပ်သမား များပြား

**ကော့သောင်း ဇူလိုင် ၂၅**

ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသား အလုပ်သမားများအား မြန်မာနိုင်ငံအစိုးရက မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် C.I (Certficate of Identity ) အား စခန်းများဖွင့်လှစ် ထုတ်ပေးလျက်ရှိရာ ထိုင်းနိုင်ငံ C.I ထုတ်ပေးရေးစခန်း (ရနောင်း)၌ မြန်မာအလုပ်သမားအများအပြား လာရောက်ထုတ်ယူလျက်ရှိသည်ကို ဇူလိုင် ၂၄ ရက်က တွေ့မြင်ရသည်။



အဆိုပါ C.I စာအုပ်ထုတ်ပေးရာတွင် မြန်မာအလုပ်သမားများ အချိန်ကြန့်ကြာမှုမရှိစေရေး C.I ထုတ်ပေးရေးတာဝန်ရှိသူများက ကိုယ်ရေးရာဇဝင်ဖြည့်စွက်ခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းနှင့် အခြားကိစ္စရပ်များအားလုံးအား ကွန်ပျူတာနည်းပညာများ အသုံးပြုကာ ကောင်တာလေးခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထား ရှိသော်လည်း သက်တမ်းကုန်ဆုံးနေသော မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် အထောက်အထားလုံးဝမရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ မိမိအလုပ်ရှင် ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူကြခြင်းဖြစ်သည်။

CI ရှိပြီးသူများအား ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (TR-38) ပါ နေထိုင်ခွင့် Visa နှင့် အလုပ်လုပ်ကိုင်ခွင့် Work Permit ရရှိရေးလုပ်ငန်းစဉ်များအား ၁၅ ရက်အတွင်း ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းခရိုင်အတွင်းရှိ အနီးအနားမြို့များမှ လာရောက် လုပ်ဆောင်လျက်ရှိသည့် မြန်မာအလုပ်သမား များပြားမှုရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရဲတပ်ဖွဲ့ဝင်များ တာဖို့ခြင်းလုပ်ငန်းများဆောင်ရွက်



**သာယာဝတီ ဇူလိုင် ၂၅**

သာယာဝတီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်မခရေတိုးဝင်မှုကြောင့် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး ကျော်စိုး၊ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး လှိုင်ဝင်းတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စံရွှေကျေးရွာနှင့် ညောင်သာယာကျေးရွာသို့သွားသည့် တာလမ်း မိုင်တိုင်အမှတ် (၆/၄)နှင့် (၆/၅)အကြား တံတားအမှတ်(၂/၇)အနီး ရေတိုက်စားသဖြင့် စံရွှေနယ်မြေစခန်းမှ စခန်းမှူး ရဲအုပ် တင်မောင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ရေတိုက်စားသည့်နေရာများအား တုတ်ရိုက်ခြင်း၊ သဲအိတ်များချခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ တာကျိုးပေါက်မှုမရှိစေရေး နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး လှိုင်ဝင်းက ပြောသည်။

**(သန့်ဇော်)**

# ဆင်ပွဲမတိုင်မီ ဆင်ရုပ်ချိုးပညာရှင်များ ဝင်ငွေကောင်း

**ကျောက်ဆည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ မြို့ပေါ်ရပ်ကွက်များမှ ဆင်ရုပ်ချိုးပညာရှင်များ သီတင်းကျွတ်လရာသီရောက်ချိန်နီးပြီဖြစ်သဖြင့် ထိုလရာသီတွင် အလှူခံထွက်ရန်နှင့် ပြိုင်ပွဲဝင်ဆင်များ ကြိုတင်ပြင်ဆင်မှုကြောင့် ဆင်ရုပ်ချိုးပညာရှင်များ ဝင်ငွေကောင်းမွန်လျက်ရှိသည်။

ဆင်ရုပ်ချိုးရာတွင် တင်းဝါး၊ မျှင်ဝါး၊ ဝါးပိုးဝါး၊ မှိုင်းခံစက္ကူ၊ ဘိလပ်မြေစက္ကူ၊ ကလက်ရွှေစက္ကူတို့ လိုအပ်သည့်အပြင် ရေဆေး၊ ဆီဆေး၊ ငွေရောင်စက္ကူတို့ လိုအပ်သည့်အပြင် ဆင်ဘောင်းလီနှင့် နှာမောင်းအတွက် ဖဲ၊ ကဲစတို့ဖြင့် ပြုလုပ်ရသည်။ ဝမ်းဗိုက်ခွေ၊ တင်ပါးခွေ၊ ဝမ်းဗိုက်ရှေ့ခွေ၊ ဇက်ခွေ၊ နောက်ပေါင်းအိုးခွေ၊ ရှေ့ပေါင်းအိုးခွေ လက်ကိုင်ဝါးတို့ဖြင့် အချိုးအစားညီမျှသော ဆင်ကိုယ်ထည်ကို ပြုလုပ်ရသည်။ ဆင်ဦးခေါင်းကို နောက်ပိတ်ဘဲဥခွေ၊ လက်ကိုင်ကိုင်း၊ နှာဆင့်ခွေ၊ နှာလယ်ခွေ၊ နှာဖျားခွေ၊ လည်ခွေ၊ လည်ဆင့်ခွေတို့ ပြုလုပ်ပြီး ဝါးနှီးငယ်များဖြင့် ရက်လုပ်အကြမ်းထည်ဖော်ပြီး လိုအပ်သည့် စက္ကူများအဆင့်ဆင့်ကပ်ရသည်။ မျက်စေ့၊ အစွယ်၊ နားရွက်တို့တပ်ဆင်ပြီး ရိုးရာဘော်ကြယ်ဆင်၊ အရိုင်းဆင်များ ပြုလုပ်ရာ ဆင်ချိုးပညာရှင်များ ခက်ခဲပုံနှင့် ဆင်ကရာမှာလည်း ခက်ခဲနက်နဲပုံတို့နှင့်အတူ စည်းချက်ဝါးချက်ကိုက်ညီမှသာလျှင် အရာဝင်ကြောင်း သိရသည်။



ရိုးရာဆင်တစ်စည်း ကုန်ကျငွေကျပ် ၁၄၀၀၀၀၊ ပြန်လည်ရောင်းချလျှင် ငွေကျပ် ၁၈၀၀၀၀၊ ဘော်ကြယ်ဆင်တစ်စီး ကုန်ကျငွေကျပ် ၂၅၀၀၀၀၊ ပြန်လည်ရောင်းချငွေကျပ် ၃၅၀၀၀၀၊ လုပ်အားခမှာ ဆင်တစ်စီးလျှင် ငွေကျပ် ၅၀၀၀၀ ကုန်ကျကြောင်း ဆင်ချိုးပညာရှင်၏ ပြောပြချက်အရ သိရသည်။

**(ခင်မောင်လွင်)**

တို့ကမ္ဘာကြီး အစဉ်လှပဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

## ကြေးမုံ သတင်းတိုများ

### စခန်းမှူး(မွမ်းမံ)သင်တန်း ဖွင့်ပွဲကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၅**

မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော စခန်းမှူး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဇူလိုင် ၂၄ ရက်က ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ဖွဲ့ဝင်များ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ရက်သတ္တ တစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **(၃၀၇)**

### တောင်သူများအား သစ်စိမ်းမြေဩဇာထည့်သွင်းနည်းသရုပ်ပြ

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၅**

သစ်စိမ်းမြေဩဇာထည့်သွင်းသရုပ်ပြပွဲနှင့် အသိပေးလှုံ့ဆော်ခြင်းကို ဇူလိုင် ၂၃ ရက်က ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်ကျေးရွာ တောင်သူ ဦးအုန်းကြိုင်၏ မိုးစပါး ၄ ဧကခွဲ၌ ပြုလုပ်ရာ တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝေလင်းညွန့်က သဘာဝသစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ကာ မြေဆီအာဟာရဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် လုပ်ဆောင်ပုံအဆင့်ဆင့်ကို အသိပညာပေးရှင်းလင်းခဲ့သည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပညာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်ဇော်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ် သရုပ်ပြသခြင်းကို ပြသခဲ့သည်။ ကြာအင်းဆိပ်ကြီးမြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက ၇၂၀၃၀ စိုက်ပျိုးရန် လျာထားပြီး ယနေ့အထိ ၃၉၄၆၂ ဧကသာ စိုက်ပျိုးနိုင်သေးသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

### (၁၈)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**လယ်ဝေး ဇူလိုင် ၂၅**

လယ်ဝေးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကျေးပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း(၂)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်ဦးအေးမောင်စိန်၊ တာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ပထမဆုရရှိသည့် အေလာအသင်း၊ ဒုတိယရရှိသည့် ကန်သာအသင်းနှင့် တတိယဆုရရှိသည့် သာဝတ္ထိအသင်းတို့အား ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က ပထမဆုရရှိသည့် အေလာအသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

**သနပ်ပင် ဇူလိုင် ၂၅**

သနပ်ပင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ အခြေခံသမဝါယမအသင်း ၂၀၉ သင်းမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးသိန်းမြင့်အေးက အမှာစကားပြောကြားကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် Exim Bank ချေးငွေကျပ်သိန်း ၁၀၀ အထက် ချေးယူထားပြီး အစောဆုံး ပြန်လည်ပေးဆပ်ခဲ့သော အသင်းနှစ်သင်းနှင့် သိန်း၁၀၀အောက်ချေးငွေများ ပြန်လည်ပေးဆပ်ခဲ့သော ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**လှမိုး(ပြန်/ဆက်)**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မှော်ဘီမြို့နယ် ဦးစီးမှူး ဦးမြင့်ဘုန်းနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၇ ရက်က လှည်းငုတ်ချောင်းကျေးရွာရှိ ချစ်ခြင်းမေတ္တာလူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ တိုင်းရင်းသားကျောင်းသား ကျောင်းသူ ၁၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းပေးအပ်စဉ်။ **(ကြေးမုံ)**

## မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မီးရထားရဲလိုင်းခန်းတွင် ဂက်စ်မီးဖိုဖြင့် ဟင်းချက်ရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက်ရှိ မီးရထားရဲလိုင်းခန်းခြောက်ခန်းတွဲ နေအိမ်နှစ်လုံး၌ ယနေ့နံနက် ၁၀ နာရီ ၂၇ မိနစ်က မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့ရာ ပြင်းထန်ဒဏ်ရာရရှိသူနှင့် သေဆုံးသူမရှိသော်လည်း အနည်းငယ်ထိခိုက်ဒဏ်ရာရရှိသူများရှိခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း တာမွေမြို့နယ် မီးသတ်ဦးစီးမှူးဦးကျော်လွင်ဦး၏ ပြောပြချက်အရ သိရသည်။



မီးလောင်မှုဖြစ်စဉ်တွင် မီးရထားရဲလိုင်းခန်း အခန်းအမှတ်(၅)တွင် ငှားရမ်းနေထိုင်သူက ဂက်စ်မီးဖိုအသေးနှင့်ဟင်းချက်ရာမှ မေ့လျော့ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုတွင် သေဆုံးမှုမရှိသော်လည်း မီးလောင်မှုတွင် ပါဝင်သောလိုင်းခန်းနေသူများနှင့် ဝိုင်းဝန်းကူညီသူ ၁၁ ယောက်မှာ အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ခြေထောက်အဆစ်လွဲဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းခံရသော လိုင်းခန်းများမှာ တစ်ခန်းလျှင် ၁၀ ပေ၊ ပေ ၄၀ အခန်းများဖြစ်ပြီး ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုးဖြင့် ဆောက်လုပ်ထားသော ခြောက်ခန်းတွဲနေအိမ်နှစ်လုံးဖြစ်ရာ နေထိုင်သူအိမ်ထောင်စု ၁၀ စုရှိပြီး ခန့်မှန်းအားဖြင့် တစ်အိမ်ထောင်စုလျှင် မိသားစု ငါးဦးနှုန်းသတ်မှတ်ထားကာ တာဝန်ရှိသူများအနေဖြင့် ကူညီကယ်ဆယ်ရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးကျော်လွင်ဦးက ပြောသည်။

အဆိုပါ မီးလောင်မှုအဆင့်ကို Level-2 သတ်မှတ်ထားကာ ၁၀ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၂၆ စီး၊ အထောက်ကူပြုယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်ခြောက်စီးနှင့် အဖွဲ့ဝင်အင်အား ၂၆၂ ဦးတို့လာရောက်မီးငြိမ်းခဲ့ကြကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်တွင် မီးစတင်လောင်ကျွမ်းရာ အိမ်အမှတ်(၅)မှ အိမ်ငှားကို မီးပေါ့ဆမှုဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ပေါက်ကြီး**

## ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ငွေကျပ်သန်း ၅၀၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် ဇူလိုင် ၂၅**

အကောက်ခွန် ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများကို တားဆီးစစ်ဆေး အရေးယူလျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ငွေကျပ်သန်း ၅၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။




အကောက်ခွန်ဦးစီးဌာနက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆ ဒသမ ၆၀၈ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်က တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၄၀ ခန့်)၊ ရန်ကုန်စာတိုက်ကြီးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉ သန်းခန့်)၊ ရန်ကုန်ဆိပ်ကမ်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈ ဒသမ ၆၂၃ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၁၂၀ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂ ဒသမ ၇၁၀ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းက တားဆီးမှု ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉ ဒသမ ၂၉၀ သန်းခန့်)၊ မူဆယ်မြို့နယ်(OSS) စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၂၀ သန်းခန့်)၊ လွယ်ဂျယ်(OSS) စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၀၄ သန်းခန့်)၊ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၄၁ သန်းခန့်)၊ စုစုပေါင်း ၆၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆ ဒသမ ၆၀၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇူလိုင် ၁၄ ရက်က မြဝတီမှရန်ကုန်သို့ သွားရောက်မည့် Ford အမျိုးအစားယာဉ်ကို မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားမပြနိုင်သည့် Dell Laptop (120)U၊ Optical Mouse (80)U၊ "JBL" Earphone & Motomods Sound (26)U (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၈၈၀ သန်း)ကို သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ




**နေပြည်တော် ဇူလိုင် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉၈ စီး၊ သွင်းကုန်အစီး ၆၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၀၂၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇူလိုင် ၂၄ ရက်တွင် မူဆယ်မှမန္တလေးသို့ ဝင်ရောက်လာသည့် MAN အမျိုးအစားယာဉ်ကို ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toner Catridge (1842)Nos (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၄၂၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင်၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ညနေပိုင်းတွင် တရားခံပြေးတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က ဇင်ပိုင်ညာကျေးရွာအနီး၌ ရှင်းလင်းဆောင်ရွက်စဉ် တရားခံပြေး ဆွေဒူလာမိန်ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့ရာ ၎င်းသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက ဖူကာလီကျေးရွာနေ မာမွတ်ဖာအပါအဝင် နှစ်ဦးကိုဖမ်းဆီးပြီး ဒဏ်ရာများရရှိအောင် ပြုလုပ်ခဲ့သည့်ဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း သိရသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## သာစည်မြို့နယ်၌ သေနတ် ၂၂ လက် သိမ်းဆည်းရရှိမှုဖြစ်စဉ်မှ ဆက်စပ်ကျူးလွန်သူများအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကွဲတပ်ဆုံတိုးဂိတ်၌ မန္တလေးသို့ ပို့ဆောင်မည့် မောင်းပြန်သေနတ်များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်မှ ဆက်စပ်ကျူးလွန်သူနှစ်ဦးကို ဇူလိုင် ၂၃ ရက် ညနေပိုင်းက မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် ကွဲတပ်ဆုံတိုးဂိတ်၌ မောင်းပြန်သေနတ် ၂၂ လက် သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်မှ ကျူးလွန်သူ နေစိုးထွေးမင်း(ခ)ကိုစိုင်းကို စစ်ဆေးချက်အရ ဆက်စပ်ကျူးလွန်သူများဖြစ်သည့် အောင်စိုးမင်း(ခ)ကိုစိုးနှင့်သန်းလှိုင်တို့နှစ်ဦးကို ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခွဲခန့်က မြဝတီမြို့ (၄)ရပ်ကွက်ရှိ Grade One ဟိုတယ်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့စီးလာသည့် Vigo ယာဉ်ပေါ်မှ TNT ယမ်းတုံး ၇၀ နှင့် ဒီတိုနေတာ ၁၂ ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးကောင်းမြို့၌ အဝေးထိန်းမိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်

**မိုးကောင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့အဝင် ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီးဘေးတွင် ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က အဝေးထိန်းစနစ်ဖြင့်ဖောက်ခွဲခဲ့သော မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့မှ လုံခြုံရေးဆောင်ရွက်ပြီး နောက်တန်းသို့ပြန်ဝင်လာသည့်လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲမှူးနေမျိုးသူ ဦးစီးယာဉ်တန်းနှင့် လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲမှူးဇော်မျိုးဝင်း ဦးစီးယာဉ်တန်းသည် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၃၉၇/၅)အရောက်တွင် လမ်း၏ယာဘက်ဘေး အော်ရေးရှားသစ်ပင်ပေါ်ရှိ အမြင့် ၁၅ ပေခန့်မှ မိုင်းတစ်လုံးပေါက်ကွဲခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း ကတ္တရာလမ်းမပေါ်တွင် အနက်တစ်လက်မ အကျယ်နှစ်လက်မခန့်ရှိ အပေါက်ငယ်များ ရှစ်နေရာခန့်ဖြစ်ခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**




## မသင်္ကာဖွယ်တွေ့ရှိသူအား စစ်ဆေးရာ ကားဖြင့် ဆိုင်ကယ်ခိုးယူသူဖြစ်နေ၍ အမှုဖွင့်အရေးယူထား

**နေပြည်တော် ဇူလိုင် ၂၅**

ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမြင့်နှင့် တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး၊ တောင်ကြီးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်ကိုယုတို့ပါဝင်သည့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမြို့ပေါ်၌ အုပ်စုဖွဲ့ရမ်းကားမှု၊ ခိုးမှုများနှင့် အခြားခိုးမှုများမဖြစ်ပေါ်စေရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက် နဂါးပွက်လမ်းဆုံတွင် ယာဉ်အမှတ် 3J/----ဟိုက်ဂျက်အဖြူရောင်ယာဉ်ပေါ်တွင် ၃၄ယ/----၊ RATO -125 ဆိုင်ကယ်တစ်စီးအား တင်ဆောင်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာ ယာဉ်မောင်းမှာ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ ဘိုဘိုအောင်(ခ)ဖိုးသား(၁၇)နှစ်ဖြစ်ပြီး ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာပြသပြောဆိုနိုင်ခြင်းမရှိသဖြင့် ဆိုင်ကယ်အားသိမ်းဆည်းပြီး ရဲစခန်းသို့ပြန်လည်ရောက်ရှိ၍ အမှုဖွင့်အရေးယူရန် ဆောင်ရွက်နေစဉ် ကျောင်းကြီးစုရပ်ကွက်နေ ခွန်သန်းထိုက်(၂၇)နှစ်မှာ ရဲစခန်းသို့ ရောက်ရှိလာပြီး ၎င်းပိုင်ဆိုင်ကယ်မှာ သီရိလက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်တန့်ထားရာမှ ပျောက်ဆုံးသွားကြောင်းလာရောက်တိုင်တန်းသဖြင့် ဘိုဘိုအောင်(ခ)ဖိုးသားကို တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေမာနှင့် စာချုပ်ချုပ်ဆိုနိုင်ရန် ပီအက်စ်ဂျီ စောင့်ဆိုင်းနေ

ပီအက်စ်ဂျီအသင်းက နေမာကို စာချုပ်ချုပ်ဆိုဖို့ စောင့်ဆိုင်းနေပြီး လာမယ့်နာရီပိုင်း အနည်းငယ်အကြာမှာပဲ အပြောင်းအရွှေ့ကိစ္စရပ်ကို အပြီးသတ်နိုင်ဖို့ မျှော်လင့်ထားတယ်လို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။ နေမာရဲ့ ဘာကာအသင်းဖော် ပီကေးက နေမာ ဆက်ရှိနေမယ်ဆိုတဲ့ စာသားနဲ့တကွ ဓာတ်ပုံကို သူ့ရဲ့ တွစ်တာစာမျက်နှာပေါ် တင်ခဲ့ပြီးနောက် နေမာရဲ့ ပီအက်စ်ဂျီသို့ အပြောင်းအရွှေ့ တစ်ခန်းရပ်သွားပြီလို့ ယူဆခဲ့ကြပေမယ့် ခုတော့ ဒီလိုသတင်းတွေ ဆက်ထွက်လာပြန်တာဖြစ်ပါတယ်။ စပိန်သတင်းစာတစ်စောင်က စာချုပ်ကို ရေးတောင်ရေးသားနေပြီဖြစ်တာကြောင့် နောက်နာရီအနည်းငယ်အကြာမှာ အပြောင်းအရွှေ့ကိစ္စ ပြီးပြတ်တော့မှာလို့ အတိအကျကို ဖော်ပြခဲ့တာဖြစ်ပါတယ်။

အချို့သော သတင်းရင်းမြစ်တွေကတော့ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီးဖြစ်ပေမယ့် ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကတော့ နေမာက ဒီကိစ္စရပ်အပေါ် ပြန်လည်သုံးသပ်နေတာလို့ ဖော်ပြခဲ့ကြပါတယ်။ နေမာဘက်က လစာနှုန်းထား၊ အခြားခံစားခွင့်စတာတွေကို သဘောတူညီပြီးဖြစ်ပေမယ့် စာချုပ်ပါ ထွက်ခွာခွင့်အချက်အရ ပေါင် ၁၉၆ သန်း ပမာဏကို ပီအက်စ်ဂျီဘက်က ပေးချေမယ့်ပုံစံကိုသာ ဆက်လက်ဆွေးနွေးဆဲ ဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမယ့် ခိုင်မာတဲ့သတင်းတွေကိုသာ ဖော်ပြတတ်တဲ့ ပြင်သစ်နာမည်ကြီးသတင်းစာ လီပါရီဆန်က "ကစားသမားအနေနဲ့ အပြီးသတ်ဆုံးဖြတ်မှု မပြုရသေးဘူး"လို့သာ ရေးသားခဲ့ပါတယ်။

ဒီလိုသတင်းတွေထွက်နေတဲ့ နေမာကို ဘရာဇီးကစားဖော် ရီးယဲလ်ကွင်းလယ်လူ ကက်စီမီရိုက ပီအက်စ်ဂျီထက် ရီးယဲလ်ကိုသာ လာရောက်ပူးပေါင်းသင့်တယ်လို့ အကြံပြုလိုက်ပါတယ်။ ကက်စီမီရိုက နေမာဟာ လတ်တလောမှာ သူ့ရဲ့အပြောင်းအရွှေ့ကိစ္စရပ်ကို ရင်ငုံနှုတ်ပိတ်လုပ်နေပေမယ့် မကြာခင်အချိန်မှာ သူ့ရဲ့ အနာဂတ်ကိစ္စရပ်ကို ထုတ်ပြောမှာဖြစ်ပြီး သူဘာလုပ်ရမလဲဆိုတာ သူဟာသူ ကောင်းကောင်းသိတဲ့သူလို့ ဆိုလိုက်ပါတယ်။ ဒ့ါအပြင် ကက်စီမီရိုက "ရီးယဲလ်အတွက် ကစားပေးဖို့ဆိုရင်ရော မဖြစ်နိုင်ဘူးလား၊ ဒီနေရာက သူ့ကိုကြိုဆိုနေမှာပါ"လို့ အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့တာဖြစ်ပါတယ်။



နေမာဟာ ဘာစီလိုနာတိုက်စစ်အတွဲဖြစ်တဲ့ မက်ဆီနဲ့ ဆွာရက်ဇ်တို့ကို သူ ဘာစီလိုနာမှာ ဆက်နေဖြစ်မယ်လို့ ပြောကြားထားကြောင်း သိရပေမယ့် အထက်ပါအတိုင်း ရယ်စရာမှတ်ချက်တစ်ခုပြုခဲ့တာဖြစ်ပါတယ်။ စပိန်အားကစားစာစောင်တစ်ခုက ပြီးခဲ့တဲ့နာရီပိုင်းကပဲ နေမာဟာ မက်ဆီနဲ့ ဆွာရက်ဇ်တို့ကို ဘာကာအတွက် သူဆက်ရှိနေပေးမယ်လို့ဆိုခဲ့ကြောင်း ဖော်ပြခဲ့သလို ဘာကာနောက်ခံလူ ပီကေးကလည်း နေမာနဲ့ သူတွဲရိုက်ထားတဲ့ဓာတ်ပုံကို တွစ်တာစာမျက်နှာပေါ် တင်ပြီး "သူနေမှာပါ"လို့ စပိန်ဘာသာစကားနဲ့ တင်ခဲ့တာဖြစ်ပါသေးတယ်။

# ကလပ်အသင်းစံချိန်တင်လုပ်ခလစာဖြင့် ဟာနန်ဒက်ဇ်ကို ဝက်စ်ဟမ်းခေါ်ယူ

ဂျာဗီယာ ဟာနန်ဒက်ဇ်သည် လန်ဒန်ကွင်းကြီးတွင် ဆေးစစ်မှုခံယူခဲ့ပြီးနောက် လေဗာကူဆင်မှ ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်ရောက်ရှိမှုပြီးပြတ်ခဲ့ပြီဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ဟာနန်ဒက်ဇ်ကို တစ်ပတ်လုပ်ခ ပေါင် ၁၄၀၀၀၀ ဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့သဖြင့် ဟာနန်ဒက်ဇ်မှာ ကလပ်အသင်း၏ စံချိန်တင် လုပ်ခလစာရရှိသော ကစားသမားလည်း ဖြစ်လာခဲ့သည်။

ဝက်စ်ဟမ်းသည် ဂျိုးဟတ်၊ အာနျူတိုဗစ်နှင့် ဇာဘလက်တာတို့ကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်ရာ ဟာနန်ဒက်ဇ်မှာ ယခုနှစ် နွေဈေးကွက် ဝက်စ်ဟမ်း၏ စတုတ္ထမြောက်ခေါ်ယူနိုင်သည့်ကစားသမားလည်း ဖြစ်လာခဲ့သည်။ ဟာနန်ဒက်ဇ်က ပရီမီယာလိဂ်မှာ သူ့အတွက်အကောင်းဆုံးလိဂ်ဖြစ်သဖြင့် ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့လာနိုင်ခြင်းအတွက် ကျေနပ်မိကြောင်း ဝက်စ်ဟမ်းအသင်း ဝက်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။ ဟာနန်ဒက်ဇ်သည် မန်ယူနည်းပြ ဗန်ဟားလ်လက်ထက်တွင် ရီးယဲလ်သို့ အငှားချခံခဲ့ရပြီးနောက် လေဗာကူဆင်သို့ အပြီးသတ်ရောင်းချခံခဲ့ရသူဖြစ်သည်။

# စီရိုနယ်လ်ဒို၏ ခြေစွမ်းအဆင့်ကိုလိုက်မီရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သော်လည်း မန်ယူတွင် သမိုင်းသစ်ရေးထိုး သွားမည်ဖြစ်ကြောင်း လူကာကူ ကြွေးကြော်



မန်ယူ တိုက်စစ်မှူးသစ် လူကာကူက မန်ယူအသင်းတွင် သူ၏ သမိုင်းစာမျက်နှာမှတ်တမ်းသစ်ကို သူကိုယ်တိုင်ရေးထိုးသွားမည်ဖြစ်သော်လည်း မန်ယူတိုက်စစ်မှူးဟောင်း စီရိုနယ်လ်ဒို၏ ခြေစွမ်းအဆင့်မျိုးရောက်ရှိရန် များစွာလိုအပ်နေဆဲ ဖြစ်ကြောင်း ဝန်ခံခဲ့သည်။ လူကာကူက မန်ယူ နှင့်အတူ ချန်ပီယံလိဂ်ပွဲများ ဝင်ရောက်ကစားပြီး သူ၏ ခြေစွမ်းကို သက်သေပြမည်ဖြစ်သော်လည်း စီရိုနယ်လ်ဒိုလို အဆင့်မျိုးရောက်ရှိရန် ဝေးကွာနေဆဲဖြစ်ကြောင်း ဝန်ခံခဲ့သည်။ အသက်(၂၄)နှစ်အရွယ် လူကာကူမှာ ပြီးခဲ့သည့်ဘောလုံးရာသီက အဲဗာတန်အတွက် ပရီမီယာလိဂ်သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူပေးခဲ့ပြီး အသက်(၂၄)နှစ်မပြည့်မီ သွင်းဂိုး ၈၀ သွင်းယူနိုင်သည့် ပထမဦးဆုံးသော နိုင်ငံခြားသားကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

သို့သော် လူကာကူက ယင်းမှတ်တမ်းမှာ သူ့အတွက် ပြီးပြည့်စုံခြင်းမရှိသေးဘဲ မန်ယူတွင် ယခင်ကထက် ပိုမိုကောင်းမွန်သည့် ကစားသမားအဖြစ်ရောက်ရှိအောင် ကြိုးပမ်းဦးမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ လူကာကူသည် ဇူလိုင်လဆန်းပိုင်းက အဲဗာတန်မှ မန်ယူသို့ ကနဦးပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် ရောက်ရှိလာခဲ့သည်။ လူကာကူ၏ မန်ယူသို့ ပြောင်းရွှေ့မှုက လူကာကူနှင့် မော်ရင်ဟို ပြန်လည်ပေါင်းစည်းခြင်းပြယုဂ်ဖြစ်ခဲ့ပြီး မော်ရင်ဟိုက လူကာကူကို ဒရော့ဘာနှင့် ခိုင်းနှိုင်းချီးကျူးမှု ပြုခဲ့သည်။ သို့သော် လူကာကူက သူနှင့် ဒရော့ဘာမှာ လုံးဝကွဲပြားခြားနားပြီး ဒရော့ဘာမှာ ဘောလုံးကို ပိုမိုလုကစားတတ်တဲ့ ကစားသမားဖြစ်ပေမယ့် သူကတော့ သူ့ခြေထောက်ထဲ ဘောလုံးရောက်လာရင် ပြေးပြီး ဂိုးသွင်းဖို့ စိတ်အားထက်သန်သူဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ ဆက်လက်၍ သူက "ကျွန်တော်က ရာမယ်လူ လူကာကူပါ။ ကျွန်တော့်သမိုင်းကို ကျွန်တော်ရေးထိုးဖို့ ဆန္ဒရှိပါတယ်" ဟု ပြောကြားခဲ့သည်။

# ကစားသမားဘဝမှ အနားယူပြီလို့ ကာဆာနို ထပ်မံကြေညာပြန်

ရိုးမားနှင့် ရီးယဲလ်တိုက်စစ်မှူးဟောင်း အန်တိုနီယိုကာဆာနိုက ဇူလိုင်လအစောပိုင်းက ကစားသမားဘဝကနေ အနားယူပြီလို့ ကြေညာခဲ့ပြီးနောက် ရှစ်ရက်အကြာ ဗီရိုနာအသင်းနှင့် လက်မှတ်ရေးထိုးလိုက်ပြန်ရာ အများအံ့အားသင့်စရာဖြစ်ခဲ့ရသည်။ စာချုပ်သစ် လက်မှတ်ရေးထိုးပြီး နာရီပိုင်းအတွင်းမှာပင် သူ့အနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရန်နှင့် ရှုံးမိုက်လောက်သော ဘောလုံးရာသီတစ်ခုကိုဖြတ်သန်းခွင့်ရရန် ဆုံးဖြတ်ချက်ပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗီရိုနာအတွက် ချစ်ကြည်ရေးခြေစမ်းပွဲ နှစ်ပွဲ ဝင်ရောက်ကစားပေးပြီးနောက် ခြောက်ရက်အကြာမှာပင် ယခုကဲ့သို့ ကစားသမားဘဝ အနားယူလိုက်ပြီဖြစ်ကြောင်း ထပ်မံကြေညာခဲ့ခြင်းဖြစ်သည်။



ကာဆာနိုသည် အီတလီလက်ရွေးစင်အသင်းအတွက် ၃၉ ပွဲဝင်ရောက်ကစားခဲ့ပြီး ဆမ်ဒိုရီးယားမှ ထွက်ခွာလာသည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကတည်းက လိဂ်ပွဲတစ်ပွဲမျှ ဝင်ရောက်မကစားခဲ့ပေ။ တနင်္လာနေ့တွင် ကာဆာနို၏ ဇနီးဖြစ်သူ မာတီယာလစ်က ကာဆာနိုအနေဖြင့် ဗီရိုနာမှ ထွက်ခွာလိမ့်မည်ဖြစ်ပြီး အသင်းသစ်တစ်သင်းကို ရှာဖွေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ကာဆာနိုက "ကျွန်တော့်ဇနီးရဲ့ ပြောကြားချက်ကို ဆန့်ကျင်ရပါတော့မယ်။ ကျွန်တော့်အနာဂတ်ကို ရှင်းလင်းလိုပါတယ်။ ကျွန်တော် အပြန်ပြန်အလှန်လှန် စဉ်းစားပြီးတဲ့နောက်မှာ အန်တိုနီယိုကာဆာနို ဆိုတဲ့လူက နောက်ထပ် ဘောလုံးဆက်ကစားတော့မှာ မဟုတ်ပါဘူး" ဟု ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ကာဆာနိုက ယခု သူ၏အဓိကဦးစားပေးမှာ မိသားစုသာဖြစ်ပြီး ဇနီး၊ သားသမီးများနှင့် နီးနီးကပ်ကပ်ရှိနေရေးအတွက် ဗီရိုနာကို ကျောခိုင်းခဲ့ခြင်းဖြစ်ကြောင်းလည်း အကြောင်းပြချက်ပေးခဲ့သည်။ ကာဆာနို၏မိသားစုသည် ဗီရိုနာမြို့နှင့် ကီလို ၃၀၀(၁၈၆ မိုင်)အကွာ ဂျီနိုအာမြို့တွင် နေထိုင်နေခြင်းဖြစ်ပြီး မိသားစုကိုလွမ်းဆွတ်သောကြောင့် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဟု ကြေညာခဲ့သည်။

ကာဆာနိုသည် ကစားသမားဘဝကို သူ၏ဇာတိမြေ ဘာရီအသင်းတွင်စတင်ခဲ့ပြီးနောက် ရိုးမားတွင် ၁၁၈ ပွဲတွင် ၃၉ ဂိုးသွင်းယူကာ ထင်ရှားသည့် ခြေစွမ်းတစ်ရပ်ကို ပြသနိုင်ခဲ့သည်။ ယင်းနောက် ရီးယဲလ်မက်ဒရစ်အသင်း၏ ခေါ်ယူမှုခံခဲ့ရသော်လည်း ရီးယဲလ်ကစားသမားဘဝတွင် အောင်မြင်ခြင်းမရှိဘဲ ဆမ်ဒိုရီးယား၊ အေစီမီလန်၊ အင်တာမီလန်နှင့် ပါးမားအသင်းတို့တွင်လည်း ကစားခဲ့ဖူးသည်။ သူသည် နှလုံးရောဂါကြောင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ ယူရို ၂၀၁၂ အီတလီအသင်းတွင် လိင်တူစိတ်ဝင်စားသူများနှင့်အတူ မကစားရရန် မျှော်လင့်ကြောင်းဆိုခဲ့သဖြင့် ယူအီးအက်ဖ်အေ၏ ဒဏ်ရိုက်ခံခဲ့ရသည်။

# အဲရစ်ဘိုင်လီ ဥရောပပွဲ သုံးပွဲပယ် ပြစ်ဒဏ် ကျခံရမည်

မန်ယူနောက်ခံလူ အဲရစ်ဘိုင်လီမှာ ဆယ်လ်တာဗီဂိုနှင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ပြသခံရသော အနီကတ်ပြစ်ဒဏ်ကြောင့် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီဖြစ်သည်။ မေ ၁၁ ရက် ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲတွင် ဘိုင်လီမှာ တိုက်ရိုက်အနီကတ်ပြစ်ဒဏ်ပြသထုတ်ပယ်ခံခဲ့ရပြီး ယင်းပြစ်ဒဏ်ကြောင့် ယူရိုပါလိဂ်ဗိုလ်လုပွဲ လွဲချော်ခဲ့ရပြီးဖြစ်သလို နောက်ထပ် ဥရောပပြိုင်ပွဲ နှစ်ပွဲပါ ပိတ်ပင်ခံရဦးမည်ဖြစ်သည်။ သုံးပွဲပယ်ပြစ်ဒဏ်ကြောင့် ဩဂုတ် ၈ ရက်တွင် ယှဉ်ပြိုင်မည့် ရီးယဲလ်မက်ဒရစ်နှင့် ယူအီးအက်ဖ်အေစူပါဖလား၊ မန်ယူ၏ ချန်ပီယံလိဂ်အုပ်စု ပထမဆုံးပွဲစဉ်ကိုပါ လွဲချော်မည်ဖြစ်သည်။

ဒိုင်၏မှားယွင်းသောလုပ်ဆောင်ချက်များကို ဥရောပဘောလုံးအုပ်ချုပ်ရေးအဖွဲ့က ပြန်လည်စိစစ်မှုများကို ပယ်ဖျက်လိုက်ခြင်းက ဘိုင်လီ၏ အယူခံမအောင်မြင်ခြင်း၏ အဓိကအကြောင်းတရားဖြစ်ခဲ့သည်။ ဘိုင်လီသည် ဆယ်လ်တာကစားသမား ရှုဒီတီနှင့် ရှုဒီဂလီတို့နှင့် ပြဿနာဖြစ်ပွားမှုကြောင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ဘိုင်လီ၏ အဆိုပါလုပ်ရပ်ကြောင့် မန်ယူအသင်းမှာလည်း ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)၏ သတိပေးခံခဲ့ရသည်။

# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

**၂၁-၇-၂၀၁၇ ရက်နေ့မှအဆက်**

**နောက်ဆက်တွဲ (က)**

၁။ ဤဥပဒေပါကိစ္စရပ်များ အလို့ငှာ နိုင်ငံတော်၏ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို သတ်မှတ်ရာ၌ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း ပထဝီအနေအထားများအရ လည်းကောင်း၊ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေးလိုအပ်ချက်များအရလည်းကောင်း အောက်ဖော်ပြပါ ပုံသေသတ်မှတ်ထားသည့် တည်နေရာ အမှတ်များအားဆက်စပ်၍ ရေးဆွဲထားသော အခြေခံမျဉ်းဖြောင့်မှ တိုင်းတာသည်-

**ဇယား**

၂။ **ရခိုင်ကမ်းရိုးတန်း**

| | | | |
|---|---|---|---|
| (က) | မေယုကျွန်း၏ တောင်ဘက်စွန်း (Southern Point of Mayu Island) | မြောက်လတ္တီတွဒ် | ၂၀° ၁၁' ၄၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၃၂' ၁၉" |
| (ခ) | မြင်းကွန်းကျွန်း၏ တောင်ဘက်စွန်း (Boronga Point) | မြောက်လတ္တီတွဒ် | ၁၉° ၄၈' ၃၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၀၁' ၄၂" |
| (ဂ) | တောင်သန္တာကျောက် (SouthTerrible Rock) | မြောက်လတ္တီတွဒ် | ၁၉° ၂၂' ၅၆" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၁၆' ၂၀" |
| (ဃ) | ဂမ္ဘီမကျောက်တန်း၏ အနောက်ဘက်စွန်း (Western Point of Henry Rocks) | မြောက်လတ္တီတွဒ် | ၁၈° ၅၁' ၄၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၆' ၁၅" |
| (င) | နတ်ဗုဒ္ဓါကျွန်း (Nerbudda Island) | မြောက်လတ္တီတွဒ် | ၁၈° ၂၀' ၅၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၅၆' ၂၅" |
| (စ) | ကျောက်လက်ဝါး ကျောက်စု (Church Rocks) | မြောက်လတ္တီတွဒ် | ၁၇° ၂၇' ၃၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၉' ၄၆" |
| (ဆ) | ငှက်တောင်ကျွန်းများ၏ အနောက်မြောက်ကျွန်းစု (North West Group of Hnget-taung Island) | မြောက်လတ္တီတွဒ် | ၁၆° ၅၅' ၂၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၂' ၄၅" |
| (ဇ) | ကိုရင်ကြီးကျွန်း (Goyangyi Island) | မြောက်လတ္တီတွဒ် | ၁၆° ၃၁' ၂၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၄' ၂၁" |
| (ဈ) | ဆင်ပိန်ကျွဲကျောက်များ၏ တောင်ဘက်ကျောက် (South Rock) | မြောက်လတ္တီတွဒ် | ၁၆° ၁၈' ၅၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၁' ၂၀" |
| (ည) | ကျောက်နက် (Black Rock) | မြောက်လတ္တီတွဒ် | ၁၆° ၁၁' ၅၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၀' ၅၀" |
| (ဋ) | ပုသိမ်မီးပြ (Pathein Light House) | မြောက်လတ္တီတွဒ် | ၁၅° ၄၂' ၁၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၂' ၀၆" |

၃။ မုတ္တမပင်လယ်ကွေ့

| | | | |
|---|---|---|---|
| (က) | ပုသိမ်မီးပြ (Pathein Light House) | မြောက်လတ္တီတွဒ် | ၁၅° ၄၂' ၁၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၄° ၁၂' ၀၆" |
| (ခ) | ဟိန်းဇေဘုတ်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Heinze‘Bok Island) | မြောက်လတ္တီတွဒ် | ၁၄° ၂၄' ၁၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၆' ၀၂" |

၄။ တနင်္သာရီကမ်းရိုးတန်း

| | | | |
|---|---|---|---|
| (က) | ဟိန်းဇေဘုတ်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Heinze‘Bok) | မြောက်လတ္တီတွဒ် | ၁၄° ၂၄' ၁၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၆' ၀၂" |
| (ခ) | မောင်းမကန်ကျွန်းစု၏ မြောက်ကျွန်း (North Island of Maungmagan Islands) | မြောက်လတ္တီတွဒ် | ၁၄° ၀၉' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၆' ၅၄" |
| (ဂ) | ထုံးတောင်ကျွန်း (West Canister Island) | မြောက်လတ္တီတွဒ် | ၁၂° ၄၁' ၃၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၃' ၄၀" |
| (ဃ) | ကုရင်ကျွန်း၏ မြောက်ဘက်စွန်း (Northern Point of Saurim Island) | မြောက်လတ္တီတွဒ် | ၁၂° ၃၀' ၃၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၇' ၄၂" |
| (င) | နာခံကျွန်း၏ အနောက်ဘက်စွန်း (Western Point of Prinsep Island) | မြောက်လတ္တီတွဒ် | ၁၂° ၀၃' ၀၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၃၈' ၀၀" |
| (စ) | အနောက်စူလာကျွန်း၏ အနောက်ဘက်စွန်း (Western Point of West Sular Island) | မြောက်လတ္တီတွဒ် | ၁၁° ၄၇' ၁၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၂၆' ၁၅" |
| (ဆ) | မြောက်တော်ဝင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Myauk Taw Win Island) | မြောက်လတ္တီတွဒ် | ၁၀° ၃၈' ၁၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၁' ၄၅" |
| (ဇ) | တောင်တော်ဝင်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Taung Taw Win Island) | မြောက်လတ္တီတွဒ် | ၁၀° ၂၈' ၁၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၄၀' ၄၅" |
| (ဈ) | အောက်ကျွန်းနီကျွန်း (Auk kyun Ni Island) | မြောက်လတ္တီတွဒ် | ၀၉° ၅၁' ၂၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၂' ၁၈" |
| (ည) | တစ်ပင်တိုင်ကျွန်း (Ta Bin Taing Island) | မြောက်လတ္တီတွဒ် | ၀၉° ၄၀' ၄၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၄' ၃၀" |
| (ဋ) | တောင်စွန်းကျွန်း၏ အနောက်ဘက်စွန်း (Western Point of Taung Sune Island) | မြောက်လတ္တီတွဒ် | ၀၉° ၃၅' ၅၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° ၅၈' ၁၂" |

၅။ ပရိပဲရစ်ကျွန်းအုပ်စု (ပါလီပါလဲ့ကျွန်းအုပ်စု)

| | | | |
|---|---|---|---|
| (က) | နွားသားအမိကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Cow and Calf Island) | မြောက်လတ္တီတွဒ် | ၁၄° ၅၆' ၀၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၈' ၄၆" |
| (ခ) | အုန်းပင်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Ohn Pin Island) | မြောက်လတ္တီတွဒ် | ၁၄° ၅၂' ၁၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၄' ၀၈" |
| (ဂ) | သဲဖြူကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Thee Phyu Island) | မြောက်လတ္တီတွဒ် | ၁၄° ၅၁' ၄၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၄' ၁၂" |
| (ဃ) | ဆင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Sin Island) | မြောက်လတ္တီတွဒ် | ၁၄° ၅၀' ၅၆" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၄' ၁၀" |
| (င) | လူခေါင်းကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Lu Gaung Island) | မြောက်လတ္တီတွဒ် | ၁၄° ၄၇' ၂၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၂' ၅၉" |
| (စ) | လူခေါင်းကျွန်း၏ တောင်ဘက်စွန်း (Southern Point of Lu Gaung Island) | မြောက်လတ္တီတွဒ် | ၁၄° ၄၇' ၀၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၃' ၀၀" |
| (ဆ) | ပါလီပါလဲ့ကျွန်း၏ တောင်ဘက်စွန်း (Southern Point of Preparis Island) | မြောက်လတ္တီတွဒ် | ၁၄° ၅၀' ၁၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၆' ၄၀" |
| (ဇ) | ပါလီပါလဲ့ကျွန်း၏ အရှေ့မြောက်ဘက်စွန်း (North Eastern Point of Preparis Island) | မြောက်လတ္တီတွဒ် | ၁၄° ၅၃' ၅၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၈' ၃၅" |
| (ဈ) | နွားသားအမိကျွန်း၏ အရှေ့ဘက်စွန်း (Eastern Point of Cow & Calf Island) | မြောက်လတ္တီတွဒ် | ၁၄° ၅၅' ၅၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၉' ၀၆" |

၆။ ကိုကိုးကျွန်းအုပ်စု

| | | | |
|---|---|---|---|
| (က) | မင်္ဂလာကျွန်း၏ အရှေ့မြောက်ဘက်စွန်း (North Eastern Point of Mingala Island) | မြောက်လတ္တီတွဒ် | ၁၄° ၁၁' ၃၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၂' ၂၀" |
| (ခ) | ညှပ်ဖိနပ်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Slipper Island) | မြောက်လတ္တီတွဒ် | ၁၄° ၁၁' ၂၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၁' ၁၇" |
| (ဂ) | ကိုကိုးလေးကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Little Co Co Island) | မြောက်လတ္တီတွဒ် | ၁၄° ၀၀' ၅၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၁၃' ၀၉" |
| (ဃ) | ကိုကိုးလေးကျွန်း၏ တောင်ဘက်စွန်း (Southern Point of Little Co Co Island) | မြောက်လတ္တီတွဒ် | ၁၃° ၅၈' ၁၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၁၃' ၂၂" |
| (င) | ချယ်ရီကျွန်း၏ တောင်ဘက်စွန်း (Southern Point of Jerry Island) | မြောက်လတ္တီတွဒ် | ၁၄° ၀၂' ၅၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၁' ၅၂" |
| (စ) | ကိုကိုးကြီးကျွန်း၏ အရှေ့မြောက်ဘက်စွန်း (North Eastern Point of Great Co Co Island) | မြောက်လတ္တီတွဒ် | ၁၄° ၀၈' ၄၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၂' ၄၁" |

**မှတ်ချက်။** ရခိုင်ကမ်းရိုးတန်း၊ မုတ္တမကွေ့၊ တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ်များ၏ ကိုဩဒိနိတ်များမှာ ၁၉၅၉ ခုနှစ်တွင်ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၄) နှင့် (၂၁၆-က)၊ ၁၉၆၀ ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၃၇၇၁)၊ ၁၉၆၄ ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၁)နှင့် (၃၇၇၂)၊ ၁၉၇၅ ခုနှစ်တွင် ထုတ်ဝေထားသော ဗြိတိသျှရေပုံအမှတ်(၂၁၆) တို့မှ သတ်မှတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ပါလီပါလဲ့ကျွန်းနှင့် ကိုကိုးကျွန်းအုပ်စုတို့၏ Coordinates များကို WGS-84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။

**နောက်ဆက်တွဲ (ခ)**

**မြန်မာ–ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်**

၁။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားခဲ့သည့် ပင်လယ်ပြင်ဆိုင်ရာ အငြင်းပွားမှုအား ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာခုံရုံးမှ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည့် ပင်လယ်နယ်နိမိတ်မျဉ်းမှာ အောက်ဖော်ပြပါ အမှတ်များကို ဆက်၍ ရေးဆွဲထားသော မျဉ်းဖြောင့်များ ဖြစ်သည်။ အမှတ် ၈ နှင့် အမှတ် ၉ ဆက်ဆွဲရာတွင်မူ စိန့်မာတင်ကျွန်းမှ ရေမိုင် ၁၂ မိုင် စက်ဝန်းအတိုင်းဖြစ်သည်-

**ဇယား**

| | | | |
|---|---|---|---|
| (က) | အမှတ် (၁) | မြောက်လတ္တီတွဒ် | ၂၀° ၄၂' ၁၅.၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၂' ၀၇.၂" |
| (ခ) | အမှတ် (၂) | မြောက်လတ္တီတွဒ် | ၂၀° ၄၀' ၄၅.၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၀' ၂၉.၀" |
| (ဂ) | အမှတ် (၃) | မြောက်လတ္တီတွဒ် | ၂၀° ၃၉' ၅၁.၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၁' ၁၁.၅" |
| (ဃ) | အမှတ် (၄) | မြောက်လတ္တီတွဒ် | ၂၀° ၃၇' ၁၃.၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၃' ၅၄.၃" |
| (င) | အမှတ် (၅) | မြောက်လတ္တီတွဒ် | ၂၀° ၃၅' ၂၆.၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၄' ၅၈.၅" |
| (စ) | အမှတ် (၆) | မြောက်လတ္တီတွဒ် | ၂၀° ၃၃' ၁၇.၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၅' ၄၆.၀" |
| (ဆ) | အမှတ် (၇) | မြောက်လတ္တီတွဒ် | ၂၀° ၂၆' ၁၁.၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၄' ၅၂.၄" |
| (ဇ) | အမှတ် (၈) | မြောက်လတ္တီတွဒ် | ၂၀° ၂၂' ၄၆.၁" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၂၄' ၀၉.၁" |
| (ဈ) | အမှတ် (၉) | မြောက်လတ္တီတွဒ် | ၂၀° ၂၆' ၃၉.၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၉' ၅၀.၇" |
| (ည) | အမှတ် (၁၀) | မြောက်လတ္တီတွဒ် | ၂၀° ၁၃' ၀၆.၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၀၀' ၀၇.၆" |
| (ဋ) | အမှတ် (၁၁) | မြောက်လတ္တီတွဒ် | ၂၀° ၀၃' ၃၂.၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၁° ၅၀' ၃၁.၈" |

**မှတ်ချက်**။ အမှတ် (၁၁) မှစတင်၍ ၂၁၅ ဒီဂရီအတိုင်း ပင်လယ်ဘက်သို့ ဆက်ဆွဲ၍ ဘင်္ဂလားဒေ့ရှ်-အိန္ဒိယပင်လယ်နယ်နိမိတ်မျဉ်းနှင့် တွေ့ဆုံသည့်နေရာအထိ ဖြစ်ပါသည်။ အမှတ်များ၏ Coordinates များကို WGS-84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။ ပင်လယ်နယ်နိမိတ်မှာ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ သတ်မှတ်သည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ဆက်စပ်နေရာများတွင် အဆိုပါနယ်နိမိတ်မျဉ်းအထိ ဖြစ်သည်။

**မြန်မာ – အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်**

၁။ ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားခဲ့သော မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ် (၁၆) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များဖြစ်သည်-

**ဇယား**

| | | | |
|---|---|---|---|
| (က) | ပင်မအမှတ် (၁) | မြောက်လတ္တီတွဒ် | ၀၉° ၃၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၃၅' ၂၅" |
| (ခ) | ပင်မအမှတ်(၂) | မြောက်လတ္တီတွဒ် | ၀၉° ၅၃' ၁၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၂၈' ၀၀" |
| (ဂ) | ပင်မအမှတ် (၃) | မြောက်လတ္တီတွဒ် | ၁၀° ၁၈' ၄၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၁၆' ၀၂" |
| (ဃ) | ပင်မအမှတ် (၄) | မြောက်လတ္တီတွဒ် | ၁၀° ၂၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၁၅' ၅၈" |
| (င) | ပင်မအမှတ် (၅) | မြောက်လတ္တီတွဒ် | ၁၀° ၄၄' ၅၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၂၂' ၀၀" |
| (စ) | ပင်မအမှတ်(၆) | မြောက်လတ္တီတွဒ် | ၁၁° ၄၃' ၁၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၂၆' ၀၀" |
| (ဆ) | ပင်မအမှတ်(၇) | မြောက်လတ္တီတွဒ် | ၁၂° ၁၉' ၄၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၃၀' ၀၀" |
| (ဇ) | ပင်မအမှတ်(၈) | မြောက်လတ္တီတွဒ် | ၁၂° ၅၄' ၀၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၄၁' ၀၀" |
| (ဈ) | ပင်မအမှတ်(၉) | မြောက်လတ္တီတွဒ် | ၁၃° ၄၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° ၀၂' ၀၀" |
| (ည) | ပင်မအမှတ်(၁၀) | မြောက်လတ္တီတွဒ် | ၁၃° ၄၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၅၀' ၀၀" |
| (ဋ) | ပင်မအမှတ်(၁၁) | မြောက်လတ္တီတွဒ် | ၁၃° ၃၄' ၁၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၄၀' ၅၉" |
| (ဌ) | ပင်မအမှတ်(၁၂) | မြောက်လတ္တီတွဒ် | ၁၃° ၄၉' ၁၁" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° ၀၈' ၀၅" |
| (ဍ) | ပင်မအမှတ်(၁၃) | မြောက်လတ္တီတွဒ် | ၁၃° ၅၇' ၂၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° ၅၄' ၅၀" |

**ဆက်လက်ဖော်ပြပါမည်။**



# "Thor: Ragnarok"ရဲ့ အစမ်းရုပ်ရှင်သစ်မှာ လက်နက်သစ်နဲ့တွေ့မြင်ခဲ့ရတဲ့ 'သော'

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "Thor"ရဲ့ ရုပ်ရှင်သစ် "Thor: Ragnarok"အတွက် အစမ်းရုပ်ရှင်သစ်ကို လတ်တလောမှာ ထုတ်လွှင့်ပြသခဲ့ရာမှာတော့ ယခင်ထုတ်လွှင့်ခဲ့ပြီးရုပ်ရှင်တွေမှာနဲ့ လုံးဝမတူတဲ့အရာကို တွေ့မြင်ခဲ့ရပါတယ်။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ အဓိကဇာတ်လိုက်တစ်ဦးဖြစ်တဲ့ "သော"ဟာ သူ့ရဲ့ လက်စွဲတင်းပုတ်လက်နက်ကို ကိုင်ဆောင်ထားခြင်းမရှိဘဲ အဆိုပါလက်နက်အစား သေနတ်တွေကိုအသုံးပြုကာ ရန်သူကို တိုက်ခိုက်နေတာကို တွေ့မြင်ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၂ ရက်မှာတော့ ယင်းရုပ်ရှင်ကိုထုတ်လုပ်တဲ့ မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက အစမ်းရုပ်ရှင်ကို အွန်လိုင်းပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ယင်းအစမ်းရုပ်ရှင်ရဲ့ အစမှာတော့ "သော"အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသား ခရစ်ဟမ်းစ်ဝ့ါသ်နဲ့ ဘရစ်ဘန်နာရဲ့ မာ့ခ်ရက်ဖဲလိုတို့ကို တွေ့မြင်ခဲ့ရပြီး လူစွမ်းကောင်းနှစ်ဦးဟာ သေနက်တွေကို ကိုင်ဆောင်ကာ ရန်သူတွေကို ပြန်လည်ခုခံတိုက်ခိုက်နေတာ တွေ့ရပါတယ်။

တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်ပေမယ့် ရုပ်ရှင်သစ်မှာတော့ ဟာသဆန်ဆန်အခန်းတွေလည်း ထည့်သွင်းရိုက်ကူးထားတာ တွေ့ရပါတယ်။ "သော"ဟာ အခြားသောလူစွမ်းကောင်းတွေဖြစ်ကြတဲ့ ဟော့ခ်၊ ဘယ်ခရီတို့နဲ့လည်း ပူးပေါင်းထားပြီး တစ်ချိန်က ရန်သူတွေဖြစ်ခဲ့ကြဖူးတဲ့ မင်းသား လီယမ်ဟမ်းစ်ဝ့ါသ်ရဲ့ဇာတ်ကောင်ဖြစ်တဲ့ လိုကီနဲ့လည်း ပူးပေါင်းကာ ရန်သူတွေကို အတူချေမှုန်းခဲ့ကြတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

"Thor: Ragnarok"မှာတော့ နာမည်ကျော်ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဒေါက်တာစထရိန့်ချ်လည်း ပါဝင်မှာဖြစ်ပြီး ယင်းရုပ်ရှင်သစ်ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် နိုဝင်ဘာ ၃ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ကလေးသရုပ်ဆောင်တစ်ဦးကြုံတွေ့ရတဲ့ ဖိအားတွေကို ဖွင့်ဟလာတဲ့ နမ်ဂျီဟွန်း

တောင်ကိုရီးယားရဲ့ ရုပ်ရှင်လောကမှာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး လတ်တလောမှာတော့ အောင်မြင်တဲ့ခေါင်းဆောင်မင်းသမီးတစ်လက်အဖြစ်ပါ ရပ်တည်နိုင်ခဲ့တဲ့ ကြယ်ပွင့်တွေအနက် နမ်ဂျီဟွန်းဟာလည်း တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။




လတ်တလောမှာတော့ ကြယ်ပွင့်က သူ့ရဲ့ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် လှုပ်ရှားခဲ့စဉ်နေ့ရက်တွေအတွင်း ကြုံတွေ့ခဲ့ရတဲ့ ဖိအားတွေနဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ နမ်ဂျီဟွန်းက သူအနေနဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် စတင်ခဲ့စဉ်က အလွန်ကို စိတ်ရှုပ်ထွေးခဲ့ရကြောင်း၊ အောင်မြင်ဖို့ရာကြိုးစားခဲ့တာမျိုးမဟုတ်ပေမယ့် ဝါသနာပါတဲ့အရာတစ်ခုကို လုပ်ချင်တာကြောင့် သရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်ဖို့ ရွေးချယ်ခဲ့တာဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာတော့ အသက် (၂၁) နှစ်ရှိပြီဖြစ်တဲ့ နမ်ဂျီဟွန်းက ငယ်စဉ်က သရုပ်ဆောင်စဉ် တွေ့ကြုံခဲ့ရတဲ့ ဖိအားတွေနဲ့ စိတ်ရှုပ်ထွေးမှုတွေဟာ လက်ရှိဘဝမှာတော့ မခံစားရတော့ကြောင်းနဲ့ အချိန်က အရာရာကို ပြုပြင်ပေးနိုင်တဲ့ အစွမ်းရှိကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးမြင့်
စုစည်းသည်

# "Purpose"နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်အားလုံးကို ဖျက်သိမ်းလိုက်တဲ့ ဂျက်စတင်ဘီဘာ



ကနေဒါလူမျိုး ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာက လတ်တလောမှာ ကမ္ဘာတစ်ဝန်းပြုလုပ်လျက်ရှိတဲ့ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Purpose"အတွက် ရည်ရွယ်ပြုလုပ်နေတဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေအနက် ကျန်ရှိနေတဲ့ ဖျော်ဖြေပွဲအားလုံးကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရပါတယ်။ ဒ့ါအပြင် ဒီလိုဖျော်ဖြေပွဲတွေ ဖျက်သိမ်းခဲ့ရတာနဲ့ပတ်သက်ပြီးလည်း ပေါ့ပ်ကြယ်ပွင့်ဘက်က တိကျတဲ့အကြောင်းပြချက်ကို တရားဝင်ထုတ်ပြန်ပြောကြားခဲ့ခြင်း မရှိဘူးလို့လည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၂၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာက သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲအစီအစဉ်တွေအနက် ကျန်ရှိနေတဲ့ မြောက်အမေရိက ဖျော်ဖြေပွဲနဲ့ အာရှတစ်လွှားမှာ ကျင်းပဖို့ရာ စီစဉ်ထားတဲ့ ဖျော်ဖြေပွဲ ငါးပွဲကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သူ့ရဲ့ တရားဝင်ဝက်ဘ်ဆိုက်ပေါ်ကနေတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။

ဒီလိုကြေညာခဲ့ရာမှာလည်း ဂျက်စတင်ဘီဘာဘက်က ကြိုတင်မခန့်မှန်းနိုင်တဲ့ အခြေအနေတွေကြောင့် ဖျက်သိမ်းခဲ့ရတာဖြစ်ကြောင်း ပြောကြားခဲ့ပေမယ့် ဒီလိုခိုင်လုံရှင်းလင်းတဲ့ အကြောင်းပြချက်မျိုးမရှိဘဲ ဖျက်သိမ်းခဲ့တဲ့အပေါ် အချို့ကလည်း ဝေဖန်ခဲ့ကြတာကိုတွေ့ရပါတယ်။ ဒါပေမယ့် ဂျက်စတင်ဘီဘာအနေနဲ့ကတော့ "Purpose" တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို တိုက်ကြီး ခြောက်တိုက်မှာ ပြုလုပ်ခဲ့ပြီး စုစုပေါင်းဖျော်ဖြေပွဲ ၁၅၀ ကျော် ကျင်းပခဲ့ပြီးဖြစ်တာကြောင့် သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် မိတ်ဆက်ဖျော်ဖြေမှုလုံလောက်ပြီလို့ ယူဆပုံရကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ခဲ့ပါတယ်။

ဂျက်စတင်ဘီဘာဟာ ပြီးခဲ့တဲ့ ၁၈ လတာကာလအတွင်း နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ပေးခဲ့တာဖြစ်ပြီး မြောက်အမေရိကမှာ လာမယ့်ဩဂုတ်နဲ့ စက်တင်ဘာလတွေအတွင်း ဖျော်ဖြေသွားဖို့နဲ့ အာရှမှာတော့ လာမယ့်အောက်တိုဘာလအတွင်းဖျော်ဖြေပြီး နယ်လှည့်ဖျော်ဖြေပွဲတွေကို အဆုံးသတ်သွားဖို့ စီစဉ်ထားပေမယ့် လတ်တလောမှာတော့ ကျန်ရှိနေတဲ့ပွဲတွေကို ဖျက်သိမ်းကြောင်း တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်ပါတယ်။

# ဂီတသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အတွက် ပြင်ဆင်နေပြီဖြစ်တဲ့ Girls' Generation



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"ဟာ လာမယ့်လအတွင်း ကျရောက်တော့မယ့် အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အတွက် လှုပ်ရှားမှုအသစ်တွေကို စတင်နေပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။ လတ်တလောမှာတော့ ယင်းအစီအစဉ်တွေအနက် တစ်ခုအဖြစ် ကျော်ကြားတဲ့ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Running Man"မှာ ပါဝင်ခဲ့ကြပြီး ရိုက်ကူးမှုတွေကိုလည်း စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရပါတယ်။

"Running Man"မှာတော့ အဖွဲ့ဝင်တွေအနက် ခုနစ်ဦးသာ ပါဝင်လှုပ်ရှားခဲ့တာဖြစ်ပြီး စိုးဟွန်ကလွဲလို့ ကျန်တဲ့အဖွဲ့ဝင်အားလုံး ပါဝင်ထားတာဖြစ်ပါတယ်။ စိုးဟွန်ကတော့ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းအတွက် ရိုက်ကူးရေးရှိနေတာကြောင့် ပျက်ကွက်ခဲ့ရတာဖြစ်ပြီး "Running Man"အတွက် ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ ပြီးခဲ့တဲ့ ဇူလိုင် ၂၅ ရက်မှာ စတင်ရိုက်ကူးခဲ့တာဖြစ်တယ်လို့လည်း အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

အဖွဲ့ဝင်ကိုးဦးနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ "Girls' Generation"ဟာ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်က စတင်ပြီး တေးဂီတလောကအတွင်း စတင်လှုပ်ရှားခဲ့တာကြောင့် လာမယ့်ဩဂုတ်လအတွင်းမှာတော့ အဖွဲ့ရဲ့ ဂီတသက်တမ်း ဆယ်နှစ်ပြည့်တော့မှာဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျက်ဆီကာကတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်လိုတာကြောင့် အဖွဲ့ကနေ နုတ်ထွက်ခဲ့ပြီး လတ်တလောမှာ အဖွဲ့ဝင်ရှစ်ဦးနဲ့ ခရီးဆက်နေတာဖြစ်ပါတယ်။ "Girls' Generation"နဲ့အတူ အနုပညာလှုပ်ရှားမှုတွေစတင်ခဲ့တဲ့ အဖွဲ့ဝင်ဟောင်း ဂျက်ဆီကာကလည်း သူ့ရဲ့ အနုပညာသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်ပြုလုပ်ဖို့ လတ်တလောမှာ စီစဉ်နေတာဖြစ်တာကြောင့် လာမယ့်ဩဂုတ်လအတွင်းမှာတော့ ဂျက်ဆီကာနဲ့ "Girls' Generation"တို့ရဲ့ လှုပ်ရှားမှုတွေကို အပြိုင်ခံစားရမှာ ဖြစ်ပါတယ်။

တောင်ကိုရီးယား တေးဂီတအဖွဲ့တွေဟာ ခုနစ်နှစ်စာချုပ်နဲ့ လှုပ်ရှားကြတာဖြစ်တာကြောင့် အများစုဟာ စာချုပ်သက်တမ်းပြည့်ပြီးနောက် စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိဘဲ အဖွဲ့ဖျက်သိမ်းခဲ့ရသည်က များပါတယ်။ ဒီလိုအချိန်မှာ "Girls' Generation"ကတော့ ခုနစ်နှစ်စာချုပ်ကိုကျော်ဖြတ်ကာ ဆယ်နှစ်သက်တမ်းအထိ အောင်မြင်စွာရပ်တည်နေနိုင်တာလည်း ဖြစ်ပါတယ်။ ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် လှုပ်ရှားမှုများစွာ ပြုလုပ်သွားဖို့ စီစဉ်ထားပြီး တေးအယ်လ်ဘမ်အပြည့်အစုံကိုလည်း စတင်ထုတ်လွှင့်ပေးသွားဖို့စီစဉ်ထားကြောင်းလည်း သိရပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ထုတ်လွှင့်ခဲ့တဲ့ "Girls' Generation"ရဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်လာမှာဖြစ်တယ်လို့ သိရပါတယ်။

**

# မိုရာတာရဲ့ချယ်လ်ဆီးကို ရွေးချယ်ခဲ့ခြင်း



ချယ်လ်ဆီးတိုက်စစ်မှူးသစ် မိုရာတာက ချယ်လ်ဆီးကို ရွေးချယ်ခဲ့တဲ့ အဓိက အကြောင်းတရားက ကွန်တီအပေါ် အကြွေးတင်သလို ခံစားခဲ့ရတဲ့အတွက်ဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုက တိုက်စစ်မှူး လူကာကူကို ခေါ်ယူလိုက်တာကြောင့် မိုရာတာနဲ့ မန်ယူတို့ရဲ့ အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့ရခြင်း ဖြစ်ပေမယ့် မိုရာတာက ချယ်လ်ဆီးကိုကိုင်တွယ်နေသူက ကွန်တီဖြစ်နေခြင်းကသူ ချယ်လ်ဆီးကိုရွေးချယ်ရခြင်းရဲ့ အဓိက အကြောင်းရင်းလို့ ဖွင့်ဟခဲ့တာပါ။


မိုရာတာက"သူ(ကွန်တီ)ဟာ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် တွေးထားတာထက်တောင် ပိုကောင်းတယ်လို့ တွေးထားတဲ့သူပါ။ ခင်ဗျား လုပ်ကြိုးစားဖို့နဲ့ လေ့ကျင့်မှုကောင်းကောင်းပြုဖို့ ဒါကအရေးကြီးပါတယ်။ သူက ကျွန်တော့်ကို အလိုရှိဆုံးနဲ့ ယုံကြည်မှု အရှိဆုံးနည်းပြဖြစ်တာကြောင့် သူ့ဆီမှာ အကြွေးတင်သလို ခံစားရတာ ကြောင့် ဖြစ်ပါတယ်" လို့ဆိုခဲ့ပါတယ်။

ကွန်တီဟာ အီတလီအသင်းကို ကိုင်တွယ်ဖို့ ဂျူဗင်တပ်ကို မိုရာတာ ရောက်မလာခင်ကတည်းက ထွက်ခွာသွားပေမယ့် မိုရာတာက ဂျူဗင်တပ်အသင်းဆီ သူ့ကိုခေါ်ယူဖို့ ဆန္ဒရှိခဲ့သူက ကွန်တီဖြစ် တယ်လို့ဆိုပါတယ်။ မိုရာတာနဲ့ မန်ယူအသင်း တို့ အပြောင်းအရွှေ့ကိစ္စတွေဟာ တောက်လျှောက် သတင်းထွက်ခဲ့သလို မိုရာတာကိုယ်တိုင်ကလည်း မန်ယူအသင်း၊ မန်ယူ ကစားသမားတွေရဲ့ လူမှု ကွန်ရက်စာမျက်နှာတွေကို *Follow* တွေဆက် တိုက်လုပ်ခဲ့တဲ့အထိ စိတ်ဝင်စားမှု ရှိခဲ့တာပါ။ ဒါပေမယ့် မိုရာတာအတွက် မန်ယူကပေးချေလို သည့် ပြောင်းရွှေ့ကြေးနဲ့ ရီးယဲလ်က တောင်းဆိုကြေးကြား ပေါင်သန်း ၂၀ အထိ ကွာဟနေခြင်းက မန်ယူသို့ မိုရာတာရောက်မလာခြင်းရဲ့ အဓိက အကြောင်းတရား ဖြစ်ခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်က မိုရာတာအတွက် ပေါင်သန်း ၈၀ အထိ တိုးမြှင့်တောင်းဆိုခဲ့ခြင်း အကြောင်းကို မော်ရင်ဟိုကိုယ်တိုင်ကလည်း ထုတ်ဖော်ပြောကြား ခဲ့ပြီးပါပြီ။ ဒါပေမယ့် ရီးယဲလ်က ချယ်လ်ဆီးရဲ့ ပေါင် ၆၅ သန်းဖြင့် ကမ်းလှမ်းမှုကိုမူ လက်ခံခဲ့တာဖြစ်ပါတယ်။

**မေလှသင်း–ရေးသားသည်။**

# တစ်နေ့ထက်တစ်နေ့ ပိုမို နီးစပ်လာတဲ့ ဆန်းချက်ဇ်ရဲ့အာဆင်နယ်လမ်းခွဲ

အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်နဲ့ ပီအက်စ်ဂျီအားကစားဒါရိုက်တာ အန်တီရိုဟန်းရစ်တို့ဟာ ပဲရစ်မြို့ရှိ ကြယ်ငါးပွင့် ဟိုတယ် ရာဖယ်လ်ဟိုတယ်မှာ တွေ့ဆုံခဲ့ကြ တာကြောင့် ဆန်းချက်ဇ်နဲ့ အာဆင်နယ် လမ်းခွဲချိန် တဖြည်းဖြည်း နီးကပ်လာပြီလို့ ဆိုရတော့မှာဖြစ်ပါ တယ်။



ဆန်းချက်ဇ်ကို မန်စီးတီး အသင်းကလည်း ချိတ်ဆက်နေပေမယ့် အာဆင်နယ်က ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဆီကို မရောက်ရှိရေး တားဆီးထားတာကြောင့် ဆန်းချက်ဇ်အနေနဲ့ ပီအက်စ်ဂျီကိုသာ ရွေးချယ်ရတော့မယ့် အနေအထားဖြစ်လာတာပါ။ပဲရစ်မြို့ရှိ ခိုင်မာတဲ့သတင်းရင်းမြစ်တစ်ခုကတော့ ဆန်းချက်ဇ်ဟာ တစ်ညပေါင် ၆၀၀ကုန် ကျတဲ့ ဟိုတယ်ကို ဇူလိုင် ၂၁ ရက် နေ့လယ်ပိုင်းက ရောက်ရှိလာပြီး အပြောင်းအရွှေ့ ဆွေး နွေးနေတာဖြစ်တယ်လို့ သတင်းပေးပါတယ်။

ဒီဟိုတယ် ဟာဗြိတိသျှ သံရုံးနဲ့ အင်မတန် နီးပြီး ပီအက်စ်ဂျီကွင်းကဆိုလည်း နာရီဝက်လောက် ကားမောင်းရုံနဲ့ရောက်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ဂျက်ဆီရိုဒရီဂွက်ဇ်နဲ့ ပီအက်စ်ဂျီအသင်းတာဝန်ရှိသူတွေ ဒီဟိုတယ်မှာပဲတွေ့ဆုံဆွေးနွေးခဲ့ကြပြီး ရက်ပိုင်းအတွင်း မှာပဲ အပြောင်းအရွှေ့ဖြစ်ခဲ့ပါသေးတယ်။ ဆန်းချက်ဇ်ရဲ့ အပြောင်းအရွှေ့ကို လျှို့ဝှက်ဆွေးနွေးခဲ့ကြပြီး ပီအက်စ်ဂျီက ပေါင် ၄၅ သန်းနဲ့ စတင်ကမ်းလှမ်းသွားမှာဖြစ်တယ်လို့ သိရပါတယ်။အာဆင်နယ်နည်းပြ ဝင်းဂါးက ပြီးခဲ့တဲ့ရက်ပိုင်းကပဲ" ကျွန်တော်တို့တွေ ဆွေးနွေးပြီးသွားပါပြီ၊ မရောင်းပါဘူး"လို့ အခိုင်အမာဆိုခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းဆီကိုတော့ လက်လွှတ်ခံမယ့် အလားအလာရှိပါတယ်။ ဒါပေမယ့် ပီအက်စ်ဂျီနဲ့ ဆန်းချက်ဇ်တွေ့ဆုံဆွေးနွေးမှုမှာ လစာနှုန်းထားကိစ္စညှိနှိုင်းလို့ မရသေးတာကြောင့် မန်စီးတီးက ဒီအခြေအနေကို အခွင့်အရေးယူဖို့ အသင့်ဖြစ်နေတယ် လို့သိရပါတယ်။

နည်းပြ ဂွါဒီယိုလာဟာ ဆန်းချက်ဇ်ကို အလိုရှိတဲ့သူ့ရဲ့သဘောထားကို ဘယ်အခါမှ လျှို့ဝှက်ထားခြင်းမရှိသလို ဆန်းချက်ဇ်ကို ခေါ်ယူဖို့ကြိုးပမ်းနေတဲ့ သူ့ရဲ့ရည်မှန်းချက်ကိုလည်း ခုထိလက်မလျှော့သေးဘူးလို့ သိရပါတယ်။ ဆန်းချက်ဇ်ဘက်က သဘောထားကလည်း ရှင်းရှင်းလေးပါ။ အာဆင်နယ်ရဲ့ ရာသီပေါင်းများစွာ ပရီမီယာလိဂ်ဖလားလက်မဲ့ဖြစ်မှုကို စိတ်ပျက်နေပြီး ဆရာဟောင်းဂွါဒီယိုလာနဲ့ ပြန်လည်ပူးပေါင်းချင်နေပေမယ့် အာဆင်နယ်က ပြိုင်ဘက်မန်စီးတီးကို ရောက်ရှိမသွားရေးကိုတတ်စွမ်းသမျှ တားဆီးထားတာကြောင့် အပြောင်းအရွှေ့ဖြစ် မြောက်လာမှုကို မတွေ့ရသေးတာပါ။ ဆန်းချက်ဇ်ဟာ လစာနှုန်းထား အဆင်မပြေသေးလို့ ပီအက်စ်ဂျီကို မရောက်သေးသလို၊ အာဆင်နယ်ရဲ့ တားဆီးမှုကြောင့် မန်စီးတီးကို မရောက်သေးပေမယ့် အာဆင်နယ်ကို ကျောခိုင်းဖို့ အချိန်ပြည့် ကြိုးစားနေပြီဆိုတာတော့ သေချာနေပါပြီ။

# နောက်ဆုံးကောက်ရိုးတစ်မျှင်




အာဆင်နယ်တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ်က ဘာတစ်ခုမှ ပြောဆိုခြင်းမရှိဘဲ တိုက်စစ်မှူး သစ်လာကာဇက်ကို သူ့ရဲ့ဂျာစီနံပါတ်(၉)ကို ဝတ်ဆင်ခွင့်ပေးခဲ့တဲ့ အာဆင်နယ်အသင်းရဲ့ လုပ်ဆောင်မှုက သူ့ရဲ့ "နောက်ဆုံးကောက်ရိုးတစ်မျှင်" ကို ဖျက်ဆီးခံလိုက်ရတာဖြစ်တယ်လို့ ဆိုပါတယ်။ ပီရက်ဇ်ကတော့ ဒီကိစ္စရပ်အပေါ် အတော်ခံရခက်နေပြီး သူ့အနေနဲ့ အလိမ်ခံလိုက်ရတယ်လို့ ခံစားနေရတဲ့အတွက် အသင်းဟောင်း ဒီပို့တီဗိုအသင်းကို ပြောင်းရွှေ့ဖို့သာ မျှော်လင့်ထားကြောင်း ပွင့်ပွင့်လင်းလင်းပဲဆိုခဲ့တာဖြစ်ပါတယ်။

စပိန်အားကစား ဝက်ဘ်ဆိုက်တွေကတော့ ပီရက်ဇ်ရဲ့ ပြောစကားတွေကို အကျယ်တဝံ့ ကောက်နုတ်ဖော်ပြနေကြပြီး "ကျွန်တော့်ကို ဘာတစ်ခုမှ ပြောကြားခြင်း မရှိဘဲ ကျွန်တော့်ဂျာစီနံပါတ်ကို လွှဲပြောင်းပေးခဲ့ပါ တယ်။ ဒီကိစ္စရပ်က ကျွန်တော်တင်းခံထားတဲ့ နောက်ဆုံးအကြောင်းတရားကို ပြယ်လွင့်သွားစေခဲ့တာပါ။ ကျွန်တော် ပွဲထွက်ခွင့် နည်းနည်းပဲရလို့ အသင်းပြောင်းဖို့ ကြိုးစားချိန်မှာလည်း အခွင့်အရေးတွေပိုရလာစေရမယ်ဆိုတဲ့ ကတိကဝတ်နဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းက တရုတ်ကို ပြောင်းရွှေ့ခွင့်ကို တားမြစ်ခဲ့သေးတယ်။ ဒီအတွက်လည်း ကျွန်တော် အလိမ်ခံလိုက်ရသလို ခံစားရပါတယ်" လို့ ဆိုခဲ့တာဖြစ်ပါတယ်။

ပီရက်ဇ်ဟာ ဩစတြေးလျနဲ့ တရုတ်နိုင်ငံတွေမှာ ယှဉ်ပြိုင်တဲ့ အာဆင်နယ်ရဲ့ ရာသီကြိုခြေစမ်းပွဲလူစာရင်းကနေ နှုတ်ထွက်သွားခဲ့ပြီး သူ့ရဲ့ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် ပျော်ရွှင်မှုအများဆုံးရခဲ့တဲ့ ဒီပို့တီဗိုအသင်းအတွက် ပြန်လည်ကစားခွင့်ရရေးက သူ့ရဲ့ အဓိက ရည်မှန်းချက်လို့ ပြောကြားခဲ့ပါတယ်။

# အမြင်မတူမှုတွေကြားက နေမာ

တိုက်စစ်မှူးနေမာကို ပီအက်စ်ဂျီက ခေါ်ယူဖို့ ကမ်းလှမ်းနေချိန် ဘာစီလိုနာကလည်း တကယ်လို့ နေမာကို တားဆီးဖို့မစွမ်းနိုင်ရင် ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာကို အစားထိုး အသင့်ချိတ်ဆက်နေတယ်လို့ သတင်းတွေ ထွက်နေပါတယ်။ ဒီကိစ္စရပ်အပေါ် ချီလီနီက နေမာဟာ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့လို ကမ္ဘာ့ပြိုင်စံရှား အဆင့်ရှိတဲ့ ကစားသမားဖြစ်ပြီး ဒိုင်ဘာလာကတော့ နေမာကိုမီဖို့ အဆင့်တစ်ရပ်လိုနေပါသေးတယ်လို့ မှတ်ချက်ဆိုပါတယ်။ ချီလီနီက"ဒိုင်ဘာလာဟာ ပစ္စုပ္ပန်ကာလမှာတော့ နေမာလောက် တန်ဖိုးရှိတဲ့ ကစားသမားမဖြစ်သေးပါဘူး။ ဒါပေမယ့် အသင်းကြီးတွေကလည်း ကျွန်တော့်တို့ဆီမှာလည်း သူ့လို ကစားသမားကို ပိုင်ဆိုင်ထားတဲ့အတွက် လေးစားမှုရှိကြပါတယ်"လို့သာ တုံ့ပြန်ခဲ့ပါတယ်။

ချီလီနီက နေမာဟာ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ဆီက ဘလွန်းဒီအောဆုကို အကောင်းဆုံးစိန်ခေါ်နိုင်တဲ့ကစားသမား ဖြစ်ပြီး နေမာကို လက်လွှတ်ဆုံးရှုံးခံလိုက်မယ်ဆိုရင် ဒါဟာ ဘာစီလိုနာအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုအဖြစ် ရှုမြင်တာဖြစ် ပါတယ်။ စီရိုနယ်လ်ဒိုကိုယ်တိုင် ကလည်း သူ့ခေတ်လွန်ချိန်မှာ အတောက်ပဆုံးဖြစ်လာမယ့် ကစားသမားတွေကို ဟောကိန်း ထုတ်ခဲ့ရာ နေမာ၊ ဟာဇက်တို့ အမည်ပါဝင်နေခဲ့ပါသေးတယ်။ ဒါပေမယ့် အားကစားမီဒီယာ တွေကတော့ နေမာဘာစီလိုနာကနေ ထွက်ခွာချင်တဲ့အကြောင်း တရားက မက်ဆီရဲ့အရိပ် အောက်ကျ ရောက်နေတဲ့အနေအထားကို မနှစ်မြို့လို့ မဟုတ်ဘဲ ငွေကြေးအဓိကဖြစ်တယ်လို့ ရေးသားနေကြ ပါတယ်။ နေမာဟာ ဘာစီလိုနာမှာ လက်ရှိတစ်နှစ်လုပ်ခ ပေါင်၁၁သန်းကျော်သာရရှိတာကြောင့် တစ်နှစ် လုပ်ခပေါင် ၂၆ သန်းလောက်ပေးမယ့် ပီအက်စ်ဂျီကို သွားရောက်ချိတ်ဆက်နေတာလို့ စွပ်စွဲရေးသားနေကြ ပါတယ်။ မက်ဆီကတော့ နေမာနဲ့ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးပေမယ့် ကစားသမားတစ်ဦးမှာ ဆန္ဒသဘောထား က အရေးကြီးတာကြောင့် အတင်းဆွဲထားမယ့်အစား အစားထိုးနိုင်မယ့်ကစားသမားတစ်ဦးကို အမြန်ခေါ်ယူ ခြင်းက အသင့်လျော်ဆုံးနည်းလမ်းလို့ အကြံပြုခဲ့ပါတယ်။ မက်ဆီက နေမာနေရာ ကစားသမားသုံးဦးကို အမည်စာရင်းပေးခဲ့ရာမှာ နှစ်ဦးက အာဂျင်တိုင်းသားဖြစ် နေတာကြောင့် မက်ဆီဟာ ဘာစီလိုနာကိုအာဂျင် တီးနားရပ်ဝန်းတည်ဆောက်ဖို့ ကြံနေပြီဆိုတဲ့ စွပ်စွဲမှုတွေလည်း ထွက်နေပါတယ်။ မက်ဆီအကြံပြုခဲ့တဲ့ ကစားသမားသုံးဦး ကတော့ ဒီမာရီယာ၊ ဒိုင်ဘာလာနဲ့ ဒမ်ဘီလီတို့ပါ။

# လူထုဒေါ်အမာပြောတဲ့ သတင်းဦး သတင်းထူး

ဆူးငှက်

သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာဟာ ၁၉၁၅ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှာ မွေးဖွားပြီး ၂၀၀၈ခုနှစ် ဧပြီလ ၇ ရက်နေ့မှာ ကွယ်လွန်ပါတယ်။ လူထုဒေါ်အမာဟာ စာရေးဆရာတစ်ယောက်ဖြစ်ရုံသာမက ရှားရှားပါးပါး အမျိုးသမီးသတင်းစာဆရာတစ်ဦးအဖြစ် အမှန်တရားဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်ရေးသားခဲ့တာ နောက်ဆုံး ထွက်သက်အထိပါပဲ။ သတင်းစာဆရာသက်တမ်းတစ်လျှောက်လုံး ပြည်တွင်းစစ်ရပ်စဲပြီး တစ်ပြည်လုံးငြိမ်းချမ်းရေးရရှိဖို့၊ အခြေခံလူတန်းစားတွေ စားဝတ်နေရေး ဖူလုံကာ အဖိနှိပ်ခံဘဝက လွတ်မြောက်ဖို့၊ အမျိုးသားစာပေနှင့် အမျိုးသားယဉ်ကျေးမှုတွေ ခိုင်မာမြင့်မားဖို့ မျက်ခြည်မပြတ် တောင်းဆို ရေးသားခဲ့တယ်။

### သတင်းနဲ့အဆက်မပြတ်

အထူးသဖြင့် သတင်းစာဆရာတစ်ယောက်အနေနဲ့ အသက်အရွယ်ကြီးရင့်ပြီး အိပ်ရာပေါ် ရောက်နေသည့်တိုင် သတင်းနဲ့အဆက်မပြတ်ခဲ့ဘဲ အမြဲခေတ်မီနေတယ်။ ရရှိလာတဲ့ သတင်းတွေအပေါ်သုံးသပ်တဲ့အခါမှာ တိုင်းပြည်ရဲ့ လက်ရှိကြုံတွေ့နေရတဲ့ ပစ္စက္ခပကတိအခြေအနေနဲ့ ချိန်ထိုးပြီးမှ သုံးသပ်တယ်။ "သတင်းစာ" ဆိုရင် သတင်းထူးရမယ် . . .၊ သတင်းဦးရမယ် ဆိုတဲ့ ယေဘုယျသဘောကို ဒေါ်ဒေါ် (လူထုဒေါ်အမာ)က လက်မခံဘူး။ ဒီသတင်း ဘယ်က လာတာလဲ၊ သတင်းလာတဲ့ လားရာက ဘာလဲ၊ ဘယ်သူ့ကိုယ်စားပြုတာလဲ၊ ဒီသတင်းကြောင့် ဘာတွေအကျိုးရှိမလဲ၊ ဘာတွေနစ်နာနိုင်သလဲစတဲ့ အချက်တွေနဲ့ အမြဲယှဉ်ထိုးပြီးမှ သုံးသပ်တယ်။

၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံကာလကြီးအတွင်း ကျွန်တော်တို့ကို သတင်းစာနဲ့ပတ်သက်ပြီး ဒေါ်ဒေါ် (လူထုဒေါ်အမာ) ပေးခဲ့တဲ့ သင်ခန်းစာတစ်ခု ကိုပြောပါမယ်။

အုပ်စိုးသူစစ်အာဏာရှင်များရဲ့ လက်နက်နဲ့ ဖိနှိပ်ညှဉ်းပန်းမှုတွေကို မြန်မာပြည်သူလူထုတစ်ရပ်လုံးက နှစ်ပေါင်း ၃၀ နီးပါး ခါးစည်းခံလာရတော့ မခံရပ်နိုင်တော့တဲ့အဆုံး ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ကို တစ်ပြည်လုံး အချိန်းအချက်ပြုကာ တစ်ပါတီ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့ကြတာ အားလုံးအသိပါ။ မန္တလေးမှာလည်း ဩဂုတ်လ ၈ ရက်နေ့ကတည်းက စစ်တပ်၊ လုံထိန်းတွေရဲ့ နှိမ်နင်းမှုကြားကနေ လူထုဆန္ဒပြမှုတွေ စတင်ဖောက်ထွက်ဖြစ်ပေါ်ခဲ့တယ်။ မြတောင်တိုက်မှာ . . .၊ ဈေးချိုနာရီစင်မှာ. . .၊ ဘုရားကြီးမှာ . . .၊ ၈၄ လမ်းမပေါ်မှာ . . .။

### ရှစ်လေးလုံး အရေးတော်ပုံကြီး

နောက်ရက် ဩဂုတ် ၉၊ ၁၀၊ ၁၁၊ ၁၂ စသည်ဖြင့် သံဃာတော်များရဲ့ စနစ်ကျသော စုစည်းအုပ်ချုပ်မှုစစ်ကြောင်းပုံစံတွေနဲ့ လူထုဆန္ဒပြမှုတွေ အရှိန်အဟုန် ကောင်းလာခဲ့တယ်။ ရန်ကုန်မှာတော့ ပစ်ခတ်နှိမ်နင်းမှုတွေ ဆက်တိုက်ဖြစ်ခဲ့လို့ သွေးမြေကျမှုတွေဖြစ်နေပြီ။ ရှစ်လေးလုံး အရေးတော်ပုံကြီးမတိုင်ခင် ကာလကတည်းကမန္တလေးမှာ ဝတ္ထုတိုသမားတွေ ကဗျာဆရာတွေစတဲ့ စာရေးဆရာအများစုက စုစည်းမှုတွေရှိနေပြီ။ ဒီစုစည်းမှုဟာ စာပေကိစ္စကိုသာ အဓိကထားကြတယ်ဆိုသော်ငြား၊ ဖြစ်ပျက်နေတဲ့ နိုင်ငံရေးဖြစ်စဉ်တွေမှာလည်း ဒီစာပေဝိုင်းတွေက မျက်ခြည်မပြတ်ခဲ့ကြပါဘူး။ ဒီတော့ ရှစ်လေးလုံးအရေးတော်ပုံကြီး စတယ်ဆိုရင်ပဲ စာရေးဆရာတွေဟာ ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ့်စိတ်ကူးနဲ့ ကိုယ်ပါဝင်ကြတယ်။ စစ်ကြောင်းတွေနဲ့ ချီတက်ဆန္ဒပြကြတယ်။ ဘုရားကြီး ၄၅ တာမှာ၊ ဗိုလ်ချုပ်လမ်းနဲ့ အေလမ်း လမ်းဆုံမှာ၊ ဈေးချိုမှာ . . .၊ လက်ဆည်ကန်လူထု တိုက်ရှေ့မှာ . . . စတဲ့ နေရာတွေက အရေးပေါ်စင်မြင့်တွေထက် တက်ပြီး တရားဟောနေကြပြီ။

ဩဂုတ်လ ၁၂ ရက်နေ့ရောက်တော့ ဒေါ်ဒေါ်လူထုဒေါ်အမာက၊ တိုက်ရှေ့က ဆန္ဒပြလူထုကြီးကို ထွက်ကာအားပေးပြီးနောက် မန္တလေးက စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပုစတဲ့ ယဉ်ကျေးမှုမျက်နှာစာက ပညာရှင်တွေဟာ ဒီဆန္ဒပြမှုနဲ့ပတ်သက်ပြီး သဘောထားတွေ၊ တောင်းဆိုချက်တွေ ထုတ်ပြန်ရမယ်လို့အကြံပြုတယ်။ ဒါကြောင့် ကျွန်တော်တို့တစ်တွေက တောင်းဆိုချက်၊ မူကြမ်းရေးသား အတည်ပြုပြီး ယဉ်ကျေးမှု မျက်နှာစာက ပညာရှင်များရဲ့ လက်မှတ်တွေ ကောက်ယူကြတယ်။ ထုတ်ပြန်ကြေညာကြတယ်။ အာဏာရအစိုးရ၊ အာဏာရပါတီသာမက ကမ္ဘာ့ကုလသမဂ္ဂလို အခြားလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ သံရုံးတွေ၊ ပြည်ပအသံလွှင့်ဌာန၊ သတင်းဌာနတွေ၊ ပြည်တွင်းသတင်းစာတွေ၊ သပိတ်စစ်ကြောင်းတွေ အသီးသီးကိုလည်း ပေးပို့ခဲ့တယ်။ တစ်ပြိုင်နက်တည်းပဲ "မန္တလေး စာပေနှင့် အနုပညာရှင်များအဖွဲ့" ဆိုပြီးဖွဲ့စည်းကာ ကော်မတီကိုလည်းအများဆန္ဒနဲ့ ရွေးချယ်ခဲ့တယ်။ ဒီအဖွဲ့ဟာ နောက်တော့ "သမဂ္ဂ"အဖြစ် အသွင်ပြောင်းခဲ့တယ်။ အဖွဲ့အနေနဲ့ စစ်ကြောင်းတွေနဲ့အတူ ချီတက်ဆန္ဒပြတာတွေ၊ ဟောပြောတာတွေ ဆောင်ရွက်ခဲ့ကြတယ်။ ဒါပေမယ့် တာဝန်မကျေသေးဘူးလို့ ယုံကြည်တယ်။ အရေးတော်ပုံသက်တမ်း ရက် ၂၀ ကျော်လာတော့ ရန်ကုန်ဗဟိုပြုပြီး တစ်ပြည်လုံးက သတင်းအချက်အလက်မှန်တွေ အမြန်သိရှိဖို့ ထုတ်ပြန်ဖို့ လိုအပ်လာပြီ။ ဒါမှသာ ဟန်ချက်ညီ ဆက်လက်ဆောင်ရွက်နိုင်ကြမှာဖြစ်လို့ပါ။ တစ်ဖက်ကလည်း ကောလာဟလတွေ ထွက်နေတယ်။ တန်ပြန်သပိတ်ဆိုတာတွေ ပေါ်ပေါက်လာတယ်။ အရေးတော်ပုံကြီးကို သိက္ခာချအသရေပျက်စေတဲ့ ရာဇဝတ်မှုခင်းတွေ ဖန်တီးလာကြတယ်။

### ဝေဖန်သုံးသပ်

ဒီလိုအခြေအနေမျိုးမှာ "ရှစ်လေးလုံး" အမည်ရှိ သတင်းစာတစ်စောင် ထုတ်ဝေခဲ့ကြတာပါပဲ။ သတင်းစာအတွက် လိုအပ်တဲ့ အကြံဉာဏ်နဲ့ လမ်းညွှန်မှုတွေကို သတင်းစာဆရာ စာရေးဆရာမကြီး ဒေါ်ဒေါ် လူထုဒေါ်အမာဆီက ခံယူခဲ့ကြရတာပါ။ ဩဂုတ်လ ၃၁ ရက်က စပြီး ထုတ်ဝေခဲ့တဲ့ "ရှစ်လေးလုံး" သတင်းစာမှာ အယ်ဒီတာ့အာဘော်အနေနဲ့ ဒေါ်ဒေါ်ကပဲ ပင်တိုင်ရေးပေးခဲ့ပါတယ်။ ဒေါ်ဒေါ်ရေးပေးတယ် ဆိုတာ အယ်ဒီတာအဖွဲ့ဝင် သုံးဦးလောက်ကလွဲပြီး ဘယ်သူမှ မသိစေခဲ့ပါဘူး။ သတင်းစာထွက်တာနဲ့ အဲဒီနေ့ နေ့လယ်မှာပဲ ဒေါ်ဒေါ်ဟာ သတင်းစာကတာဝန်ရှိသူ သုံးဦးကို သူ့စာရေးစားပွဲ ရှေ့ခေါ်ပြီး သတင်းစာကိုကိုင်ကာ ဝေဖန်သုံးသပ်ပါတယ်။ သတင်းစာကို ကျင့်ဝတ်နဲ့လျော်ညီစွာ မူဝါဒအတိုင်း သိက္ခာရှိရေးအတွက် ဦးစားပေး သွန်သင်ပါတယ်။

အရေးတော်ပုံကြီးဟာ တစ်လတိတိကြာပြီး စက်တင်ဘာလဆန်းရက်ရောက်တော့ သတင်းစာဟာလည်း မျက်နှာဖုံးတိုင်း ဆန္ဒပြစစ်ကြောင်းပုံချည်းဖြစ်နေတော့ အယ်ဒီတာအဖွဲ့အနေနဲ့ အားမရဘူးဖြစ်နေပါတယ်။ ပရိသတ်လည်း စိတ်ဝင်စားလောက်အောင် သတင်းစာကိုလည်း ဆွဲဆောင်မှုရှိအောင် ခေါင်းချင်းဆိုင်ကြတယ်။ ဒေါ်ဒေါ်မထင်မှတ်ဘဲ ပြောထားတဲ့ စကားတစ်ခွန်းအရ ၁၃၀၀ ပြည့် အရေးတော်ပုံကာလ မန္တလေးအာဇာနည် ၁၇ ဦးနဲ့ ပတ်သက်တာတွေ သမိုင်းမပျက်အောင် (အဲဒီအချိန် နှစ် ၅၀ တိတိကြာတဲ့ ၁၃၅၀ ပြည့်ကာလမှာ) ပြန်လည်ဖော်ထုတ်သင့်ကြောင်း နာကြားဖူးတာကြောင့် ကျွန်တော်တို့ဟာ နောက်ရက်ထွက်မယ့်သတင်းစာမှာ အပြောင်းအလဲဖြစ်အောင် မန္တလေးအာဇာနည် ၁၇ ဦး ဗိမာန်ကို မျက်နှာဖုံးတင်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် တမ္ပဝတီသူကြွယ်ကုန်းက အာဇာနည်ဗိမာန်ကို ကျွန်တော်ပဲသွားပြီး ဓာတ်ပုံရိုက်၊ လိုအပ်တဲ့ သမိုင်းအချက်အလက်တွေ ရှာဖွေရေးသားတယ်။ မန္တလေး ၁၃၀၀ ပြည့်အရေးတော်ပုံ ရွှေရတုအထိမ်းအမှတ်ပေါ့ . . .။

### အလွန်ဝမ်းမြောက်ပီတိဖြစ်

ဒါကြောင့် ည ၈ နာရီဝန်းကျင် မျက်နှာဖုံးအတွက် ဓာတ်ပုံချပေး၊ အချက်အလက် စာသားတွေချပေး၊ အယ်ဒီတာချုပ်ထံ ခွင့်ပန်ပြီး အိမ်ပြန်ခဲ့ပါတယ်။

နောက်ရက် မနက် ရှစ်လေးလုံး သတင်းစာထွက်တော့ မျက်နှာဖုံးက



မနေ့ညက ဆုံးဖြတ်ခဲ့တာ မဟုတ်တော့ပါဘူး။ ညတွင်းချင်းပဲ မန္တလေးနဲ့ အလှမ်းမဝေးတဲ့ မြို့တစ်မြို့မှာ အရေးတော်ပုံအတွင်း ချက်ချင်းထင်ရှားလာတဲ့ ခေါင်းဆောင်တစ်ဦး ထောင်ကလွတ်လာကာ လူထုတရားပွဲ ကျင်းပတဲ့သတင်း၊ သတင်းဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာဖြစ်နေတယ်။ ဒါဟာသတင်းဦးပဲ၊ သတင်းထူးပဲ။ ညတွင်းချင်း အဲဒီမြို့ကို ခက်ခက်ခဲခဲသွား၊ ဓာတ်ပုံရိုက်သတင်းယူပြီး အမြန်ဆုံး ထည့်လိုက်တာပါ။ သူများထက် သတင်းဦးလို့ထူးလို့ ကျွန်တော်တို့ အလွန်ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ သတင်းစာလေးကိုင်ပြီး ကျေနပ်မဆုံးပါပဲ။

### အဆုံးအဖြတ်မမြန်ပါစေနဲ့

အဲဒီနေ့ . . .၊ နေ့လယ်ဒေါ်ဒေါ်ဆီ ကျွန်တော်တို့သုံးယောက်ရောက်တော့၊ ဒေါ်ဒေါ်ကို ကျွန်တော်တို့က သတင်းဦး၊ သတင်းထူးမို့ လက်ဦးကြိုးပမ်းရယူထည့်သွင်းဖော်ပြနိုင်တာကို ခပ်ကြွားကြွားလေး ပြောကြတာပေါ့၊ သူ့ရဲကောင်းတစ်ဦးအသွင် ဂုဏ်ပြုခွင့်ကို သူများထက်ဦးပြီး ထူးပြီး ရတာကိုပဲ ဂုဏ်ယူနေကြတာပေါ့။

ဒီတင် ဒေါ်ဒေါ်က သတင်းစာကို ကိုင်ပြီး ပြောတယ်။

"အရေးတော်ပုံတိုက်ပွဲတွေဟာ လူထု မပါဘဲ မဖြစ်ဘူး။ လူထုက အဓိကဖြစ်တယ်။ အခြေအနေတစ်ခုကြောင့် လူသိများလာသူတစ်ဦးကို ဒီလောက်အမွှမ်းမတင်သင့်ဘူး။ လူထုကို ဥပက္ခာပြုရာ ရောက်တယ်။ အဲဒီပုဂ္ဂိုလ် အဲဒီသူရဲ့ သမိုင်းက ဘာလဲ . . .။ သူ့ ရပ်တည်ချက်က ဘာလဲ၊ သူ့အစဉ်အလာကဘာလဲ။ အထူးသဖြင့် သူက ဘယ်သူတွေကို ကိုယ်စားပြုတာလဲ။ သိက္ခာရှိတဲ့ သတင်းစာတစ်စောင်အနေနဲ့ သတင်းဦးရင်ပြီးရော ထူးရင်ပြီးရောဆိုပြီး အဆုံးအဖြတ်မမြန်ပါစေနဲ့။ သတင်းစာ ချစ်သူမို့ သာစေ၊ မုန်းသူမို့ နာစေဆိုတာမျိုး မရှိရဘူး" တဲ့။

### သင်ခန်းစာရခဲ့

ဒေါ်ဒေါ်က ဒါပဲပြောလိုက်ပါတယ်။

ဟုတ်ပါတယ်။ အဲဒီသူရဲကောင်းလို့ ကျွန်တော်တို့ ကမ္ပည်းထိုးခဲ့သူဟာ နောင် ၁၀စုနှစ်အတွင်း လူထုနဲ့ ဆန့်ကျင်တဲ့ဘက်၊ လူထုကို ဖိနှိပ်ပြီး ကိုယ်ကျိုးရှာတဲ့ဘက်မှာ ထိပ်ဆုံးက ရောက်သွားပါတော့တယ်။

သတင်းဦးတိုင်း၊ သတင်းထူးတိုင်း ထည့်မှာလားဆိုတဲ့ သင်ခန်းစာကို ကောင်းကောင်းကြီးရခဲ့တာပါပဲ။

## ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်



**ဖြူး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ကိုယ်စားလှယ် ဦးသက်စိန်သည် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခိုင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဦးသက်နိုင်ဦး၊ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ဦး၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင်လ တတိယပတ်က ဇေယျဝတီမြို့ ဂန္ဓီခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး မြို့တွင်းရှိ လမ်းများ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဇေယျာသီရိမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လက်တွေ့သရုပ်ပြခြင်းနှင့် အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကော့နူးနှင့် ဆရာ ဆရာမများ၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၅၂ ဦး တက်ရောက်ခဲ့သည်။

ရှေးဦးစွာ နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်က ဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်များနှင့် သဘာဝဘေးအန္တရာယ်သင့် အိမ်ထောင်စုဝင် ပြည်သူများအား ထောက်ပံ့ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးဒေါ်တိုးတိုးမော်က မီးဘေးအန္တရာယ်၊ လေျှင်ဘေးအန္တရာယ်နှင့် မိုးကြိုးအန္တရာယ်များ ကြုံတွေ့ပါက ဆောင်ရန်ရှောင်ရန်များနှင့် ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများကို လက်တွေ့ သရုပ်ပြသခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ မီးဘေးပညာပေးပိုစတာ၊ ဗလာစာအုပ်နှင့် ဘောပင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကြော်ငြာ

### ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ အသစ်ပြန်လည်ဖွဲ့စည်းရန် ကြေညာချက်

ပဲခူးမြို့၊ ဆုတောင်းပြည့် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့စည်းမျဉ်းအပိုဒ်(၂၈)အရ ဂေါပကအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် ဂေါပကအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့စည်းမျဉ်းအပိုဒ်(၁၅)တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် ညီညွတ်သူဖြစ်ရပါမည်။

(ခ) လျှောက်လွှာကို သတ်မှတ်ထားသောပုံစံဖြင့် ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံးသို့ လျှောက်ထားရပါမည်။

(ဂ) လျှောက်လွှာတင်သွင်းရန် နောက်ဆုံးသတ်မှတ်ရက်မှာ ၁၈-၈-၂၀၁၇ ရက်ဖြစ်ပါသည်။

(ဃ) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ဂေါပကအဖွဲ့ရုံးတွင် ထုတ်ယူနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဆုတောင်းပြည့်ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**
**ပဲခူးမြို့**
**ဖုန်း-၀၉-၂၅၄၅၇၇၄၂၇**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ လက်အောက်ရှိ ဆေးရုံများတွင် လူနာများအား ကုသမှုပေးရန် F.D.A အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံး ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်နှင့်အချိန် - ၂၄-၇-၂၀၁၇ ရက် (တနင်္လာနေ့)၊နံနက် ၁၀း၀၀ နာရီ
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၁-၈-၂၀၁၇ ရက် (တနင်္လာနေ့)၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၂၁၄၆၂**

### အမည်မှန်

တပ်ကုန်းမြို့၊ အထက(၂) နဝမတန်း S-1 မှ မဖြိုးသဇင်၏ အမည်မှန်မှာ မမျိုးသဇင်ဖြစ်ပါကြောင်း။

**မမျိုးသဇင်**

### ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အထက(၂) နဝမတန်း S-1 မှ မမျိုးသဇင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းထွန်း [၉/တကန(နိုင်)၁၅၅၂၄၇]ဖြစ်ပါကြောင်း။ **ဦးဇော်လင်းထွန်း**

### မွေးသက္ကရာဇ်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ရှမ်း/ကြေးရပ်ကွက်နေ အဖဦးသန်းထွန်း၏ သမီး မသိမ့်သိမ့်ဇင်၏ မွေးသက္ကရာဇ်မှန်မှာ ၂၈-၁၁-၁၉၉၈ ဖြစ်ပါကြောင်း။ **မသိမ့်သိမ့်ဇင်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့၊ အထက ဆဋ္ဌမတန်း(င)မှ မခိုင်ဝေဖြိုး ကျောင်းဝင်အမှတ်(က/၂၆၇၁)၏ ဖခင်အမည်မှန်မှာ ဦးဌေးပို [၅/မမန(နိုင်)၀၁၁၇၆၄] ဖြစ်ပါကြောင်း။
**ဦးဌေးပို**


Fortis



အိန္ဒိယနိုင်ငံရှိ အကြီးဆုံးဆေးရုံအုပ်စုကြီးအဖြစ် အောင်မြင်စွာရပ်တည်လျက်ရှိသော Fortis ဆေးရုံကြီး၏ ဂါရင့်နှလုံးခွဲစိတ် အထူးကုဆရာဝန်ကြီး Dr.Mandana မှ အာရှတော်ဝင် အထူးကုဆေးရုံကြီးတွင် နှလုံးသွေးကြောကျဉ်းရောဂါနှင့်ပတ်သက်သော နောက်ဆုံးပေါ် ခေတ်မီကုသနည်းများအကြောင်းကို ၂၉.၇.၂၀၁၇၊ နံနက် (၁၀) နာရီ၌ ဆွေးနွေးဟောပြောပေးမည် ဖြစ်ပါသည်။

ထို့ပြင် ဆရာဝန်ကြီးသည် မြန်မာနိုင်ငံသို့ မကြာခဏ လာရောက်သွားမည်ဖြစ်ကြောင်း ထပ်မံသတင်းကောင်း ပါးအပ်ပါတယ်။
ဟောပြောပွဲသို့ စိတ်ပါဝင်စားသူများ၊ လူနာသစ်၊ လူနာဟောင်းများ အနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
လူဦးရေကန့်သတ်ထားပါသဖြင့် ယခုပင် အမြန်ဆုံးစာရင်းပေးသွင်းရန်။

အမှတ် (၈၁၀)၊ စိမ်းဂေဟာ (၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (မြဂတီဘက်ဘေး)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၄၅၁၉ ၅၅၅ ၀၁၊ ၀၉ ၄၅၁၉ ၅၅၅ ၀၂

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052
09-260660405
09-421067330


### သွေးသည် အသက်


World Hepatitis Day (2017)

LIVER FOUNDATION

ELIMINATE HEPATITIS

NOhep

**ကမ္ဘာ့ အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနား ဖိတ်ကြားလွှာ**

အသည်းဖောင်ဒေးရှင်းမှ ဦးဆောင်ကျင်းပသော ကမ္ဘာ့ အသည်းရောင်ရောဂါနေ့(၂၀၁၇) အထိမ်းအမှတ် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၃၀·၇·၂၀၁၇ (တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် (၉း၀၀ - ၁၂း၀၀) နာရီ အထိ
နေရာ ။ ။ သူနာပြုတက္ကသိုလ်(ပင်မ) အစည်းအဝေးခန်းမ
(ဘုန်းကြီးလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။)

(အခမ်းအနားကျင်းပရေးကော်မတီ)

GREENFEED®

"Modern Agriculture Practice"

**TO WHOM IT MAY CONCERN**

(In Fertilizer Field)

A Malaysia based Slow Release Fertilizer Manufacturer is finding a strategic partner to distribute and set up JV factory in Myanmar.It is openly to negotiate to register new JV brand or solely represent world-wide our brand.

Please send e-mail to following to have business meeting soon.

E-mail :policy@greenfeed.com.my

**သက်ဆိုင်သူများသို့**

(ဓါတ်မြေသြဇာဆိုင်ရာနယ်ပယ်)

မလေးရှားအခြေစိုက် Slow Release ဓါတ်မြေသြဇာထုတ်လုပ်သူမှ မြန်မာနိုင်ငံတွင် ဖြန့်ချိရေးနှင့် ဖက်စပ်စက်ရုံတည်ထောင်ရေးအတွက် မဟာဗျူဟာမြောက် လက်တွဲလုပ်ကိုင်လိုသူရှာဖွေနေပါသည်။

ကျွန်ုပ်တို့ အတူတကွ ပူးတွဲပိုင်ဆိုင်သောအမှတ်တံဆိပ်အသစ် တည်ထောင်ခြင်းသို့မဟုတ် ကမ္ဘာအနှံ့ဖြန့်ချိပြီးဖြစ်သော ကျွန်ုပ်တို့ အမှတ်တံဆိပ် တစ်ဦးတည်းကိုယ်စားလှယ်ရယူခြင်းတို့ကိုပွင့်လင်းစွာဆွေးနွေးနိုင်ပါသည်။

ကျေးဇူးပြု၍ အောက်ပါ အဆက်အသွယ်သို့ အီးမေးလ်ပေးပို့ ဆက်သွယ်ပါ။

E-mail :policy@greenfeed.com.my

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ
၀၁-၂၄၆၉၆၂
၀၁-၂၄၆၉၆၃

သွင်
၀၁-၃၇၂၅၉၄
၀၉၇၃၂၃၅၅၆၀

မင်္ဂလာ(၁)
သိမ်ကြီးဈေး
၀၁-၂၄၃၀၅၇
၀၁-၂၄၃၀၅၈

မင်္ဂလာစံပြ
၀၉၂၆၀၈၈၇၀၃၅
၀၉၂၆၀၈၈၇၀၃၆
၀၁ ၂၃၀၃၁၆၅



မင်္ဂလာ ဂမုန်းပွင့်
လှည်းတန်း - ခံရိုက်မြို့
၀၉ ၇၇၉၀၅၄၆၇၁
၀၉ ၇၇၉၀၅၄၆၇၂
၀၉ ၇၇၉၀၅၄၆၇၃

မင်္ဂလာထွန်းသီရိ
(ပြည်)
၀၉၇၉၁၁၈၃၇၅၁
၀၉၇၉၁၁၈၃၇၅၂

မင်္ဂလာ
ICON Mall - ပဲခူး
၀၉၄၅၆၆၀၀၁၁၅
၀၉၄၅၆၆၀၀၁၁၆

မန္တလေး
ဝင်းလိုက်
၀၂-၃၉၁၂၈
၀၂-၆၀၂၉၁

မန္တလေး
မြို့မ
၀၂-၃၉၁၃၆
၀၂-၃၉၁၃၇

မင်္ဂလာစံပြ
(မကွေး)
၀၉ ၇၆၈၅၂၅၇၄၁
၀၉ ၇၆၈၅၂၅၇၄၂
၀၉ ၇၆၈၅၂၅၇၄၃

NEW 3D Cinema
တောင်ငူ
၀၉၈၆၆၆၄၅၅
၀၉၇၇၅၃၅၈၉၉၁-၂



**Naing Group of Companies** ၏ နာယကကြီး **ဦးကျော်နိုင်ဦး** ၏
၂၀၁၇ ခုနှစ် ဇူလိုင်လ (၂၆) ရက်မွေးနေ့မှ စ၍ ဘဝခရီးတစ်လျှောက်
အခက်အခဲဆင်းရဲများကို ကျော်လွှားအောင်မြင်ပြီး၊
ကျန်းမာချမ်းသာ ပျော်ရွှင်မှုများဖြင့် ဘဝခရီးကို အောင်မြင်နိုင်ပါစေကြောင်း
**Member Companies** များ၏
ဝန်ထမ်းမိသားစုများနှင့် အတူ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**NAING EMPIRE** မိသားစု

Champion Brand ဝန်ထမ်းမိသားစု
NH-Champion Facade Engineering ဝန်ထမ်းမိသားစု
Laminate Brand ဝန်ထမ်းမိသားစု
Johnson Suisse Brand ဝန်ထမ်းမိသားစု
White Horse Brand ဝန်ထမ်းမိသားစု
Edunburgh Elevator Brand ဝန်ထမ်းမိသားစု
Champion Empire ဝန်ထမ်းမိသားစု
Marble Brand ဝန်ထမ်းမိသားစု
Win & Hla Manufacturing ဝန်ထမ်းမိသားစု

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
(ကျောက်မျက်ပညာသင်တန်း/ဓါတ်ခွဲခန်းကော်မတီ)
အခြေခံကျောက်မျက်ပညာသင်တန်း (အပတ်စဉ် - ၃၂)
သင်တန်းသားခေါ်ယူခြင်း
❊ ကျောက်စိမ်း၊ ပုလဲနှင့် စိန်၊ ပတ္တမြား၊ နီလာ နှင့် အခြားကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း။
❊ စာတွေ့-လက်တွေ့-သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားမည်။
❊ (O-Level အပတ်စဉ် - ၃၂) (၁၅.၈.၂၀၁၇) ရက်နေ့တွင် စတင်မည်။ သင်တန်းချိန် - နံနက် (၇း၃၀) မှ (၉း၃၀) ထိ
❊ သင်တန်းကာလ(၅)ပတ်ခန့်၊ အပတ်စဉ်(အင်္ဂါနေ့မှ တနင်္ဂနွေနေ့ထိ)
❊ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-8611239, 09-8611285, 01-663080

Wings International Ticketing & Tours
ပြည်တွင်း၊ပြည်ပ လေယာဉ်လက်မှတ်များ အိမ်အရောက်ပို့ ဝန်ဆောင်မှု၊ ထီးလုလုလေးများလက်ဆောင် ပေးနေပြီနော်။
Ph : 09 78 78 111 22

တက်လူ
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့် မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးသည်
09 261111549
09 257962225

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၃၂) ရှိ (၈) ထပ်ခွဲ အဆောက်အဦး၏ (၄) လွှာ/မြောက်၊ Hall (၁) ခန်း၊ အမြင့် (၁၀) ပေ၊ အကျယ်အဝန်း (၂၆ပေ × ၅၀ပေ) ရှိ ငရဲ မီးအစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ကိုရဲမျိုး (၁၂/ဗဟန (နိုင်) ၀၈၂၇၅၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဖြူဖြူလွင် (စဉ်-၁၀၃၆၃) B.A, RL, D.B.L, D.I.L
ဒေါ်ယဉ်ယဉ်အောင် (စဉ်-၁၀၃၈၃) LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ချမ်းမြေ့မွန် (စဉ်-၅၅၄၆၉) LL.B
အထက်တန်းရှေ့နေ
အမှတ် (၈၂)၊ သံလွင်လမ်း၊ ဝင်ဒါမီယာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၃၁၄၈၄၊ ၅၂၅၉၀၁၊ ၇၀၄၉၄၂
e-mail : admin@estatemyanmar.com.mm

ရွှေကိန္နရီ
(MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားကြီး၊ ကားငယ် ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ တပါတည်း ပြောင်းရွှေ့ပေးသည်။
(မြို့တွင်း / နယ်ဝေး)
09-2532 77776
09-2532 66667
09-2532 66668
09-2532 66669

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ဖခင်အမည်မှန်
အမက(၁၀)၊ ပလရ၊ မင်္ဂလာဒုံ၊ တတိယတန်း(စံပယ်)မှ မောင်ဟန်ဇေညက်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖြိုးကျော်သူ[၁၂/မဂဒ(နိုင်)၁၅၉၆၆၁] ဖြစ်ပါသည်။
ဦးဖြိုးကျော်သူ

ဖခင်အမည်မှန်
ဒဂုံမြို့နယ် အထက(၂) ဒသမတန်း (B) မှ မောင်ဖြိုးသန့်ဇင်နှင့် ဆဋ္ဌမတန်း (B) မှ မဝင်းလဲ့အိတို့၏ ဖခင်အမည်မှန်မှာ ဦးဘိကျိုက်ကူမာ [၇/ကတခ(နိုင်)၀၀၀၄၈၂] ဖြစ်ပါကြောင်း။ ဦးဘိကျိုက်ကူမာ

မြေညီထပ်ရောင်းမည်။
အင်းစိန်မြို့နယ်၊ ပေါက်တော ရပ်ကွက်၊ လှိုင်မြစ်လမ်းမကြီး တဆစ်ချိုး ဝိသာခါလမ်းပေါ်ရှိ (အလျား ၂၀' × အနံ ၅၅' × အမြင့် ၁၇')ရှိ Hall Type အမျိုးအစား မြေညီတိုက်ခန်းအား အမြန်ရောင်းမည်။
(ဈေးနီး၊ ကျောင်းနီး၊ ဘဏ်နီး၊ ကားဂိတ်နီး၊ လမ်းသန့်၊ လူနေထိုင်ခွင့်ကျပြီး)
ဈေးနှုန်း (၁၄၅၀)သိန်း၊ (ညှိနှိုင်း)
Ph- 09-785117384
09-5161329

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်၊
09-500 5916
09-730 97123

သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ဖောင်းကြွပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် 3C/9922 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

သားအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း
